မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၅၅)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၃/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)
တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ)တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်(၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဌေး
နာယက

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်(၂/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)
တတိယအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်(၁/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)
တတိယအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်)အင်္ဂါနေ့၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဌေး
ဥက္ကဋ္ဌ

မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိမြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်လာသည့်မော်တော်ယာဉ်များ မြို့အသီးသီးသို့ရောက်ရှိ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာကြိုဆို

နေပြည်တော် မေ ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ပြီး ပြည်သူလူထုအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး-မတ္တရာ-

စာမျက်နှာ ၁၆ ကော်လံ ၁ ➢

ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များအား မြစ်ကြီးနားမြို့မှ ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၃ ရက်)

နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ခရီးသွားလုပ်ငန်း

နိုင်ငံ့စီးပွားတိုးတက်များပြားရေးအတွက် အထောက်အကူပြုနေသည့်လုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းပါဝင်သည်။ `ခရီးသွားခြင်းနှင့်အလည်အပတ်လုပ်ငန်းသည် ကမ္ဘာပေါ်တွင် တတိယမြောက်အကြီးဆုံးသောပို့ကုန်လုပ်ငန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံအလိုက်အရင်းအမြစ်များပေါ်မူတည်၍ ခရီးသွားလုပ်ငန်းအမျိုးမျိုးရှိသည်။ ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်ဆိုင်ရာခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာပျော်စရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်နှင့်အခြားခရီးသွားလုပ်ငန်း အမျိုးမျိုးအား နိုင်ငံအလိုက်အကောင်အထည်ဖော်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်သွားလာနိုင်ရေးအတွက် နိုင်ငံတိုင်းကဆွဲဆောင်စည်းရုံးခြင်းလုပ်ငန်းများလုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝရေမြေတောတောင်များနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်လှသည့်အတွက် ခရီးသွားဧည့်သည်များ စိတ်ဝင်စားကြသည်။ ခရီးသွားလုပ်ငန်းတွင်ကျယ်လာပါက ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါများလာမည်ဖြစ်သည်။ ပြည်ပက ဧည့်သည်များ ပိုမိုဝင်ရောက်လာပါကလည်း ဒေသစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများလည်း စီးဝင်လာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများအချင်းချင်း ယဉ်ကျေးမှု၊ အပြန်အလှန်နားလည်မှုနှင့် မိမိနိုင်ငံ၏ကောင်းသတင်းများကို ဖြန့်ဝေနိုင်မှုစသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်သည်။ ကမ္ဘာ့ခရီးသွားလာခြင်းနှင့်အလည်အပတ်လုပ်ငန်းကဏ္ဍ၏တိုးတက်မှုက ကမ္ဘာ့နိုင်ငံများအကြား ငွေကြေးဖောင်းပွမှုနှင့် ပထဝီနိုင်ငံရေးတင်းမာမှုများရှိနေသည့်တိုင် ခံနိုင်ရည်ရှိကြောင်း သက်သေပြလျက်ရှိသည်။

ကမ္ဘာ့ဂျီဒီပီတွင် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာခြင်းနှင့်အလည်အပတ်လုပ်ငန်းကဏ္ဍသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ဒေါ်လာ ၁၁ ဒသမ ၆ ထရီလီယံထိ စံချိန်တင်ပါဝင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး စုစုပေါင်း၏ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ကမ္ဘာတစ်ဝန်း အလုပ်အကိုင်နေရာပေါင်း ၃၆၆ သန်းထိဖြစ်ပေါ်စေခဲ့သည်။ အလုပ်အကိုင်အသစ်သုံးခုတွင် တစ်ခုကိုဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်တို့၏ သုံးစွဲမှုသည် ကိုဗစ်-၁၉ကပ်ရောဂါမတိုင်မီက အဆင့်ထက်ကျော်လွန်၍ ပြန်လည်ကောင်းမွန်လာနေပြီဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေလ ၆ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"စီးပွားရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများတိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းသာယာလှပမှုနှင့် နှစ်လိုဖွယ်ရှိသည့်ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ခရီးသွားဝင်ရောက်မှုများလည်း တိုးတက်လာစေမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သွားလာနေထိုင်စားသောက်မှုတို့တွင် အခြားသောဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများ၊ နိုင်ငံများကိုအတုယူ၍ သွားချင်စဖွယ်၊ လာချင်စဖွယ်၊ နေချင်စဖွယ် ဖြစ်အောင်ဆောင်ရွက်ပြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

"အိမ်သာလျှင် ည့ဉ်လာမည်"ဟူသည့်စကားနှင့်အညီ သာယာလှပပြီး စည်းကမ်းစနစ်တကျရှိသည့် ပတ်ဝန်းကျင်ကောင်းကို ပုံဖော်ဖန်တီးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့်ဝန်ထမ်းများ၊ ကိုယ်စီအသိစိတ်ဖြင့်ထိန်းသိမ်းဆောင်ရွက်ရမည့် ပြည်သူများအားလုံးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လည်း နိုင်ငံတော်သမ္မတက တိုက်တွန်းမှာကြားထားသည်။ ကိုယ်ရောစိတ်ပါ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြပါက အချိန်မကြာမြင့်မီမှာပင် ရလဒ်ကောင်းများကိုရရှိနိုင်သည်။ မိမိတို့နေထိုင်ရာ မြို့ပြကျေးလက်ဒေသတို့ကို နှစ်လိုဖွယ်မွေ့ဖွယ်ရာ နေရာများဖြစ်လာအောင် ဆောင်ရွက်ကြရမည့်အလုပ်မှာ ကောင်းမွန်သောစိတ်နှလုံးအားဖြင့်သာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

မိမိတို့နေထိုင်ရာမြို့ရွာဒေသများကိုစိမ်းလန်းစိုပြည်စေရန်၊ သန့်ရှင်းသပ်ရပ်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ထင်ရှားသည့်အရာဝတ္ထု (Landmark) များကို တင့်တယ်စွာဖော်ထုတ်ထိန်းသိမ်းထားရန်၊ ဒေသအစားအစာ၊ ရိုးရာအစားအစာများ၊ ဒေသကိုယ်စားပြု အမှတ်တရပစ္စည်းများ စသည်တို့ကို အရည်အသွေးရှိရှိ ဈေးကွက်မြင့်တင်ရန်၊ မိမိတို့၏ယဉ်ကျေးမှုကို ဖော်ထုတ်ပြသရန် စသည်တို့ကို ဒေသခံအားလုံးတို့က မိမိတို့၏တာဝန်အဖြစ် ခံယူကျင့်သုံးဆောင်ရွက်ကြခြင်းအားဖြင့် မိမိတို့၏ဒေသမှာ ကောင်းသတင်းနှင့်အတူ မွေးပျိုကျော်ကြားနေမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ခရီးသွားလုပ်ငန်းကိုပိုမိုမြင့်တင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် ချေးငွေပေးအပ်ပွဲကျင်းပ

ကျိုက်ထို မေ ၁၂

မွန်ပြည်နယ် ကျိုက်ထိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အစိုးရအဖွဲ့သစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျိုက်ထိုဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးရေးနှင့် ချေးငွေပေးအပ်ပွဲကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကံစောလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်မန်နေဂျာ ဦးသန်းထွန်းက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို လယ် ၃၅၅ ဧကအတွက် တောင်သူ ၆၆ ဦးအား ချေးငွေကျပ် ၁၀၆၅ သိန်းကို ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

သင်္ဘော်(FM)အသံလွှင့်အစီအစဉ်

၁၃-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ ခုနှစ်၉၅ The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ကျွန်းစုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်



ကျွန်းစု မေ ၁၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်တွင် ကမ်းကြီးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နင်းသန္တာက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါ်ဇင်မာလင်းက သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လာနိုင်စေရန်ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းကို မေလ ၁၂ ရက်မှ ဇွန်လ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

သီလဝါအကွက်အမှတ် (၂၉) သို့လှောင်ရုံအား ဇွန်လလယ်ပိုင်းတွင် လုပ်ငန်းစတင်လည်ပတ်မည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါအကွက်အမှတ် (၂၉) မြေကွက်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော သို့လှောင်ရုံအား ဇွန်လလယ်ပိုင်းတွင် လုပ်ငန်းစတင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသို့လှောင်ရုံကို မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ကောက်ပဲသီးနှံနှင့်အထွေထွေကုန်စည်များ ကိုင်တွယ်နိုင်သည့် ခေတ်မီဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့်ဆက်စပ်စီးပွားရေးအဆောက်အအုံများ တည်ဆောက်ရန် နှစ်ရှည်ငှားရမ်းခွင့်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သို့လှောင်ရုံတည်ဆောက်ရေးလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ၂၀၂၆ ခုနှစ် ဇွန်လလယ်ပိုင်းတွင် သို့လှောင်ရုံဖွင့်ပွဲနှင့် လုပ်ငန်းစတင်ခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့လှောင်ရုံသည် ပြည်ပတင်ပို့ရန် အသင့်ဖြစ်သည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတန်ချိန် ၂၅၀၀၀ ဝန်းကျင်ကို စနစ်တကျ သိုလှောင်ထားရှိနိုင်ပြီး အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် နီးကပ်စွာတည်ရှိသည့်အတွက် အများပိုင်ကုမ္ပဏီနှင့်အသင်းဝင်ပို့ကုန်ကုမ္ပဏီများအတွက် သဘော်တင်စရိတ်သက်သာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကို နှစ်စဉ် နိုင်ငံပေါင်း ၅၀ ဝန်းကျင်သို့ တန်ချိန် သုံးသန်းဝန်းကျင်တင်ပို့လျက်ရှိသဖြင့် သို့လှောင်ရုံတည်ဆောက်ပြီးစီးပါက ပြည်ပတင်ပို့မှုလုပ်ငန်းများအတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

ပွင့်ဖြူမြို့နယ်၌ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ပွဲကျင်းပ



ပွင့်ဖြူ မေ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ဦးစီးမှူးရုံးမှ ရက် ၁၀၀ စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဒေသခံပြည်သူများထံ ပေးအပ်ခြင်းအခမ်းအနားကို မေလ ၁၂ ရက်တွင် မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပွင့်ဖြူမြို့နယ် ဦးစီးမှူး ဦးကျော်သူရက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများကွင်းဆင်းဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ပွင့်ဖြူမြို့နယ် ပေတောကျေးရွာမှ ဒေသခံပြည်သူ ၂၉ ဦး၊ ကံဆွယ်ကျေးရွာမှ ဒေသခံပြည်သူ ၁၂၆ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

သာယာဝတီခရိုင်/မြို့နယ် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီနှင့် တောင်သူများ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး

သာယာဝတီ မေ ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်/မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၁၁ ရက်က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ကေများတိုးချဲ့ရန်၊ သီးထပ်သီးညှပ်များဖြင့် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူကြရန်၊ တစ်ကော ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရန်၊ စားရေရိက္ခာဖူလုံစေရန်နှင့် ပိုလျှံသည်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချကာ တောင်သူများ လိုအပ်သည့် ရေ၊ မြေ၊ မျိုးကောင်းမျိုးသန့်များနှင့်သွင်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်များအလိုက် သီးနှံများ စိုက်ပျိုးရန်လျာထားချက်၊ ယခင်နှစ်နှင့်စိုက်ပျိုးမှုနှိုင်းယှဉ်ချက်၊ ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြီးကြပ်မှုများ၊ သီးနှံစိုက်ပျိုးစွမ်းအားနှင့် သီးထပ်စိုက်ပျိုးစွမ်းအားတိုးတက်မှုအခြေအနေများ၊ သီးနှံအလိုက် စံပြစိုက်ခင်းများ စိုက်ပျိုးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသော ခရိုင်/မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ယခင်နှစ်ကာလတူ စိုက်ပျိုးထုတ်လုပ်မှုအပေါ် နှိုင်းယှဉ်ချက်၊ မိုးသီးနှံလျာထားချက်အပေါ် စိုက်ပျိုးပြီးစီးမှုများ၊ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးစပါးအထွက်နှုန်းတိုးတက်စေရေးနည်းပညာပေး စံပြကွက်များဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ဆွေးနွေးကြသည်။


ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြရာ သာယာဝတီခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)



ကမ္ဘဖလ

တင့်တယ်



ယမန်နေ့မှအဆက်

အဘိုးထံသို့ သွားလိုသောစိတ်မှာ မိခင်မှာကြားခဲ့သလို ရွှေမန်ကျည်းတောင့်များကို တောင်းဖို့ထက် အဘိုး၏ကြီးကျယ်လှသောလုပ်ငန်းကြီးတွင် အလုပ်ကလေးတစ်ခုတောင်းကာ လုပ်လိုသောဆန္ဒက ပို၍ ပြင်းထန်ပေသည်။ ကျွန်ုပ်၏ လက်ရှိကျေးဇူးရှင် အထည်သည် ဇနီးမောင်နှံတို့ထက် ကျွန်ုပ်၏အဘိုးက အဆပေါင်းများစွာ ထောက်ပံ့ကူညီနိုင်အားရှိသည်မှာ အထူးပြောဖွယ်မလိုပေရာ အဘိုး၏အသိအမှတ်ပြုခြင်းကိုခံရပါသော် ကျွန်ုပ်မှာ ကျွန်ုပ်သင်လိုသော အင်္ဂလိပ်စာပညာကိုလည်း ထွန်းပေါက်အောင် သင်နိုင်လျက် အရှင်မွေးလျှင် နေ့ချင်းညချင်းကြီးဆိုသော စကားပမာ ကျွန်ုပ်လူတစ်လုံးသူတစ်လုံး အမြန်ဆုံးဖြစ်နိုင်မည်ကိုလည်း မျှော်လင့်မိ၏။ အဘိုးနှင့်နီးရာ အရပ်၌နေရမှ ကျွန်ုပ်သည် အဘိုး၏မိသားစုရိပ်မြုံအတွင်းသို့ ပြန်ဝင်ခိုလှုံကာ ကျွန်ုပ်၏မိခင်ပိုင်ထိုက်သော အမွေတို့ကို ကျွန်ုပ်၏မိခင် အလွဲကြီးလွဲခဲ့ရစေကာမူ တစ်စွန်းတစ်စအားဖြင့် ကျွန်ုပ်ခံစားရလိမ့်မည်ဟုလည်း မျှော်လင့်မိ၏။

ထိုမျှော်လင့်ချက်တို့မှာ ငယ်စဉ်က ရေးရေးမျှသာရှိ၏။ တဖြည်းဖြည်း အသက်ကလေးရလာသောအခါ၌ကား မျှော်လင့်ချက်တို့မှာ ပိုမိုပြင်းထန်လာကြလျက် အဘိုးထံသို့သွားကာ သွေးရင်းဖြစ်သူ မြေးကျွန်ုပ်အား လူနှင့်တူအောင် စောင်မကြည့်ရှုဖို့ပြောဆိုမည်ဟူသော ရည်ရွယ်ချက်မှာလည်း ခိုင်မြဲလာလေသည်။ ကျွန်ုပ်သည် အဘိုး၏ပစ္စည်းကို တပ်မက်မောမိခြင်းကားမဟုတ်။ အဘိုး၏အိမ်၌ ခိုကပ်ကာစားသောက်နေလိုခြင်းလည်းမဟုတ်။ သို့သော် ဘုန်းကြီးကျောင်းသားပီပီ ဘုရားကိုယ်တော်မြတ်ကြီးစင်လျက် ဖွားဖက်တော်ညောင်ပင်ကို အမှီပြုလျက်ပွင့်တော်မူရသော ဥပမာကို နားလည်ထားရသူဖြစ်ရပေရာ ရေကိုဝေးနှင့် သားက အရေးမထင်သလို မခေါ်ချင်၍ မခေါ်ဘဲနေခဲ့သော အဘိုးသည် ကျွန်ုပ်အား မြေးမတော်ချင်လျှင်ကားမနေရ။ သွေးချင်းဆက်နေသည့်အဖြစ်မှာ မငြင်းသာလေရကား ကိုယ့်အဘိုးအရင်းအချာ၏အကူအညီကိုရယူလျက် အကူအညီရယူရာ၌လည်း ကျွန်ုပ်၏ကိုယ်၊ စိတ်၊ ဦးနှောက်စွမ်းပကားရှိသမျှဖြင့် ထိုအကူအညီ အစောင်အမအတွက် ကျေးဇူးတုံ့ပြန်မည်ဟုလည်း ရည်ရွယ်မိ၏။ ထို့ကြောင့်ပင် အဘိုး၏ကြီးကျယ်လှသောလုပ်ငန်းကြီး၌ သူစိမ်းတစ်ရံဆံတို့ကိုပင် ငွေလုံးကြေးလုံးအပ်ကာ ခိုင်းစေနေရလေသေးသည်တွင် သွေးရင်းသားရင်း မြေးဦးစင်စစ်ဖြစ်နေသော ကျွန်ုပ်အားလည်း ကြီးပွားရာကြီးပွားကြောင်းဖြင့် ငဲ့ညှာထောက်ထားလျက် အနည်းဆုံးအောက်တန်းအလုပ်ကလေးတစ်ခုကိုဖြစ်စေ ပေးပေလိမ့်မည်ဟု ထင်မှန်းမိ၏။

ဤဒုတိယရည်ရွယ်ချက် ပြည့်မြောက်စေရန် ပထမရည်ရွယ်ချက်အတိုင်း အောင်မြင်ဖို့ကလည်း ကျွန်ုပ်၌ အလွန်အရေးကြီးခဲ့၏။ အင်္ဂလိပ်စာပေမှာ မြန်မာနိုင်ငံ၌ တစ်နေ့ထက်တစ်နေ့ ပိုမို၍သာ အသုံးဝင်၍လာခဲ့ပေရာ ကျွန်ုပ်၌ အင်္ဂလိပ်စာအခြေခံကလေးရှိလျှင် အဘိုး၏လုပ်ငန်းကြီး၌ဝင်၍ အလုပ်လုပ်ရာ၌ အထောက်အကူရလျက် အလုပ်ရရန်လည်း လွယ်ကူပေလိမ့်မည်ဟု နားလည်ထား၏။ အခွင့်အလမ်းကို ကြွက်ချောင်းသောကြောင်ကဲ့သို့ အလိုလိုနေရင်း ချောင်းတက်မြောင်းတက်ဖြစ်နေသော ကျွန်ုပ်မှာ ကြွက်ကိုချောင်းသောကြောင်သည် ကြွက်လာသောအခါ ခုန်၍အုပ်ရန် သင့်သောနေရာ၌ အသင့်ပြင်၍နေသလို ကျွန်ုပ်သည်လည်း ကျွန်ုပ်၏အဘိုးထံသို့ ပြန်၍ကပ်နိုင်မည့်အခွင့်အလမ်းကိုစောင့်ရင်း ကျွန်ုပ်၌ ကိုယ်ပိုင်အရည်အချင်းပြည့်စုံစေရန်ကိုလည်း အမြဲကြိုးစား၏။ ထို့ကြောင့်လည်း အင်္ဂလိပ်စာကို အထက်၌ဖော်ပြခဲ့သည့်အတိုင်း ကြိုးကြိုးကုတ်ကုတ် သင်ယူခဲ့ပေသည်။ မည်သူပြောနိုင်မည်နည်း။ အဘိုး၏လုပ်ငန်းကြီး၌ တစ်နေရာ၌သာ အမှုထမ်းခွင့်ရပါလျှင် တစ်နေ့သောအခါ၌ ကျွန်ုပ်သည် တစ်ထစ်ပြီး တစ်ထစ်တက်ကာ အထွတ်အထိပ်သို့ ရောက်ချင် ရောက်နိုင်လေသေးသည်။ လှံထမ်း၍ လာသည်ကို သာမြင်နိုင်၏။ ကံထမ်း၍လာသည်ကို မည်သူမြင်ရလေသနည်း။

ထို့ကြောင့် ဒုတိယရည်ရွယ်ချက်ဖြစ်သော ကျွန်ုပ်၏အဘိုးထံ ပြန်၍ကပ်နိုင်ရန်မှာ ကျွန်ုပ်၏ အရည်အချင်းတစ်ခုခု အစွမ်းအစ ဗန်းတင်၍ပြစရာရှိမှ အဝင်ကောင်းမည်ဖြစ်သဖြင့် ကျွန်ုပ်သည် အင်္ဂလိပ်စာကို ကြိုးစားသင်ခဲ့၏။ အသက် ၁၆ နှစ်အရွယ်၌ ခုနစ်တန်းစာမေးပွဲကိုအောင်ပေပြီ။ မိခင်အလိုဆန္ဒကား ပြည့်သင့်သလောက်ပြည့်ပေပြီ။ ပို၍ ပြည့်ဝစေရန်မှာ ဆယ်တန်းအောင်ဖို့၊ ဘီအေအမ်(မ်)အေ အောင်ဖို့တွေလိုသေး၏။ ထိုအခြေအနေအထိရောက်ရန်ကား အဘိုးကိုကပ်မိလျှင် မှီကျင်းထသလို အခွင့်အလမ်းတွေပေါ်မည်ဖြစ်၏။ ထို့ကြောင့် ငယ်စဉ်က ရွှေမန်ကျည်းတောင့် သွား၍တောင်းရန် ကလေးစိတ်ကူးဖြင့် ခပ်ရေးရေးမျှထင်ခဲ့သော ရည်ရွယ်ချက်မှာ အသက်အရွယ်ကြီးမြောက်၍ ၁၆ နှစ်သားအရွယ်သို့ ရောက်ခဲ့သောအခါတွင် ရွှေမန်ကျည်းတောင့်ထက် အဘိုးနှင့်ပြန်၍ ဆက်စပ်မိစေရန်၊ အဘိုး၏ လုပ်ငန်းကြီးတွင် တစ်နေရာကပါဝင်၍ အမှုထမ်းနိုင်စေရန် ပို၍ပို၍ရည်ရွယ်ထားခဲ့သောအဖြစ်သို့ ရောက်ခဲ့၏။ လိုရင်းကိုဆိုရလျှင် ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသား ငကောင်းဘဝမှ အလွတ်ရုန်း၍ သူဌေးကြီး ဦးနကီ၏မြေး သူဌေးလောင်း ကိုကံကောင်းဖြစ်ချင်သောစိတ် ခိုင်စွဲ၍ လာခဲ့ပေတော့သည်။

ကျွန်ုပ်၏တတိယရည်ရွယ်ချက်မှာမူကား ကျွန်ုပ်၏ အသည်းနှလုံး အတွင်းဆုံးအပိုင်း၌ ကနုကမာတွင် ပုလဲလုံးသန္ဓေဝင်သလို နက်ရှိုင်းလှစွာသောနေရာတွင် မွေ့ပျော်နေမတတ် မှုန်မွှားမွှားမျှသာရှိသော ရည်ရွယ်ချက်ဖြစ်၏။ ထိုရည်ရွယ်ချက်သည် ပထမနှင့် ဒုတိယရည်ရွယ်ချက်များကဲ့သို့ သက်သက်ထား၍ အတွေးအခေါ်ဖြင့် မြေတောင်မြောက်ပေးကာ ရင့်သန်ခိုင်မြဲလာခဲ့သော ရည်ရွယ်ချက်မျိုးမဟုတ်။ ယခုခေတ် အခေါ်ဖြင့် COMPLEX ဟု ခေါ်သည့် ငုပ်စိတ်ကလေးသာဖြစ်၏။ ငုပ်စိတ်ဆိုသည်မှာ စိတ္တနောတစ်မျိုးဖြစ်ရာ ဓားခုတ်၊ တုတ်ရိုက်၊ သွေးစုန်းတို့ကဲ့သို့ အနာလုံးထင်ရှားသည်မဟုတ်။ ဖူးရောင်ကိုင်းကျ အနာဝဖြင့် ပြည်တည်သော အနာလည်းမဟုတ်။ နှလုံးသွေးစက်ကလေး တစ်ပေါက်တစ်ပေါက် ဟဒယဝတ္ထု၌ အကျတွင် လျှပ်ခနဲလျှပ်ခနဲပေါ်လာသော စိတ်တံလျှပ်၌ မဲ့ပြောက်ကလေးစွန်းသည့်ပမာ သာမန် ဦးနှောက်၏အတွေးဖြင့် လက်လှမ်းမမီနိုင်သော ချောင်ကြိုချောင်ကြား၌ ဆူးကလေးတစ်ပွင့်ဝင်၍ နေသလိုသာ ဒုက္ခပေးတတ်သော အနာမကျက်နိုင်သည့် စိတ်အမာရွတ်ကလေးတစ်ခုသာဖြစ်ပေသည်။

ထိုငုပ်စိတ်ကလေးမှာ စိတ်ကြေးမုံ၌ပင် မထင်ရှား။ သို့သော် ရှိကားရှိ၏။ ပျောက်ပျက်ကျေစင်ရန်လည်း အလွန်ခဲယဉ်း၏။ ဒေါသကဲ့သို့ ပေါက်ကွဲခြင်းလည်း မရှိ၊ မာယာကဲ့သို့ စဉ်းလဲခြင်းလည်းမရှိ။ မာနကဲ့သို့ ပလွှားခြင်းလည်းမရှိ။ သို့သော် ဤငုပ်စိတ်ကလေးသည် အပေါ်ယံက ကျက်သော်လည်း အတွင်းပိုင်း၌ မကျက်သေးသော စိတ်အမာရွတ်ကလေးဖြစ်သည့် အလျောက် ထိမိလျှင် ဆတ်ဆတ်ခါမျှ နာကျင်တတ်စေသော နုနယ်လှသည့် သဘောကလေးတစ်မျိုးပင်ဖြစ်ပေတော့သည်။ ထိုသဘောကလေးကို ထိမိလျှင် ဒေါသ၊ မာယာ၊ မာနတို့သည် စိတ်၌ ဟုန်းခနဲတက်ကြွလာတတ်၏။ ကျွန်ုပ်ကား စိတ်ပညာဆရာမဟုတ်၍လည်းကောင်း၊ စာရေးဆရာ မဟုတ်၍လည်းကောင်း ကျွန်ုပ်၏ရင်ထဲ၌ အမှောင်ဆုံးထောင့်ကြားတွင် ခိုဝင်နေသော ထိုသဘောကလေးကို ယခုထက်ရှင်းလင်းအောင်ကား ရေးသားဖော်ပြခြင်းငှာမစွမ်းနိုင်တော့ပါ။ သို့သော် ...

ထိုငုပ်စိတ်ကလေး အခြေခံလျက် အမြဲရှိသော ကြောင့်ပင် ကျွန်ုပ်မိခင်၏ဖြစ်အင်ကို ပြန်ပြောင်း၍ တွေးလိုက်မိတိုင်း ကျွန်ုပ်တွင် ကျွန်ုပ်မိခင်၏အပေါ်၌ မငဲ့မကွက် ရက်ရက်စက်စက်ကြီး မည်သမတာစွန့်ခွာထားခဲ့သော ကျွန်ုပ်၏ အဘိုးအပေါ်တွင် စိတ်အနာကြီးနာလျက် လက်စားချေချင်သောအာရုံကလေးသည် မကြာခဏပေါ်လာတတ်၏။ ရှေ့၌ ရေးခဲ့သည့်အတိုင်း ကျွန်ုပ်၏မိခင်သည် အချစ်ကို ဦးစားပေးလွန်းအားကြီးခဲ့သည်။ ထို့ကြောင့်ပင် အမှားကြီးမှားခဲ့၏။ သို့သော် ဤကဲ့သို့ အမှားကြီးမှားရှာသော သမီးထွေးကလေးအား ဆင်းရဲဒုက္ခတွင်းဆုံးကျ၍ နေရရှာသောအခါ သို့တိုင်အောင်ပင် ဖုတ်လေသည့် ငါးပိ ရှိသည်ဟူ၍မျှ အမှတ်မထားနိုင်ဘဲ စိမ်းကားလွန်းမက စိမ်းကားလှသောကျွန်ုပ်၏အဘိုးသည် အမိုက်ကြီးမိုက်သည်ဟု ကျွန်ုပ်ယူဆ၏။

ဆက်လက်ဖော်ပြပါမည်။

ကမာရွတ်မြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ



ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ကမာရွတ်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်မိုးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကမာရွတ်ခရိုင်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

ရန်ကုန်မြို့၌ Build-Smart & Biggest Myanmar Expo 2026 ပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ Yangon Convention Centre (YCC) ၌ Build–Smart & Biggest Myanmar Expo 2026 ပြပွဲကို မေလ ၁၅ ရက်မှစ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မေလ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကုမ္ပဏီများစွာ ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲတွင် ဆောက်လုပ်ရေးနည်းပညာ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နည်းပညာများကို အဓိကပြသမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များကြား ချိတ်ဆက်မှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အထူးသဖြင့် လျှပ်စစ်ကား(EV) နှင့် သယ်ယူပို့ဆောင်ရေးနည်းပညာများ၊ စက်မှုသုံးယာဉ်များနှင့် တခြားနည်းပညာဆိုင်ရာ ထုတ်ကုန်များ ပြသနိုင်မည့်အခွင့်အလမ်းများလည်းရှိသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန်နှင့် လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့်နည်းပညာကုမ္ပဏီများပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ရှင်းမွန်သန့်**

မြန်မာနိုင်ငံဆိုင်ရာ နိုကာရာဂွာနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လက်ခံတွေ့ဆုံ



နေပြည်တော် ၊ မေ ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွာနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ Naypyitaw State Academy ကျောင်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာအောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကွင်းဆင်းကြည့်ရှု

နေပြည်တော် ၊ မေ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ညီညီညွတ်ညွတ် ဖြင့် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာတွင်းလမ်းတံတားလုပ်ငန်းများ၊ ကျေးရွာရေရရှိရေးနှင့် ကျေးရွာမီးရရှိရေးလုပ်ငန်းများနှင့် ကျေးလက်ဆေးပေးခန်းကိုလည်းကောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများနှင့် စက်ရက်ကန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်နေကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အေးချမ်းသာစံပြကျေးရွာရှိ အေးချမ်းသာစံပြစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသား တောင်သူတစ်ဦး၏ နွေစပါးစိုက်ပျိုးထားရှိမှု၊ပုဇွန်သီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာအနီးရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေးသမဝါယမအသင်း၏ သဘာဝမြေဩဇာထုတ်လုပ်နေမှုနှင့် နို့စားနွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် ၊ မေ ၁၂

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကိုယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံး ဧမ္မူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀)အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးသည့် အစီအစဉ်အဖြစ် စပါးတစ်ဧကငွေကျပ် ၁ ဒသမ ၅ သိန်းနှုန်းမှ ၃ သိန်းနှုန်းသို့လည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးအား ငွေကျပ် ၁ သိန်းနှုန်းမှ ၂ ဒသမ ၅ သိန်းနှုန်းသို့လည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်လင်း၊ ဂုန်လျှော် ငွေကျပ် ၁ ဒသမ ၅ သိန်းနှုန်းသို့လည်းကောင်း တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)



ကျောက်ဖြူမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်



စစ်တွေ ၊ မေ ၁၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေတို့သည် မေလ ၉ ရက်နံနက်ပိုင်းက ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ ကျောက်တန်း(၁)ကုန်းကျောတမံ၊ ကျောက်တန်း (၂) ရေလှောင်တမံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ) စီမံကိန်းအတွက် ရေကိုသိုလှောင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဆည်တည်ဆောက်ရာတွင်သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောက်တန်းကျေးရွာအတွင်း ကျေးရွာသူ၊ ကျေးရွာသားများ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန်၊ စနစ်တကျသယ်ယူသုံးစွဲနိုင်ရန် ကျေးရွာအတွင်းရှိ ရေကန်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အောက်မဒေးကျွန်း အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ မဒေးကျွန်းရှိ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းရုံး အစည်းအဝေးခန်းမ၌ စီမံကိန်းမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသတွင်းလူမှုစီးပွားအကျိုးပြုလုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေနှင့်စီမံကိန်းဇရိယာ လုံခြုံရေးအစီအမံဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ နွေးနွေးခဲ့ကြောင်းသိရသည်။

တင်ထွန်း (ပြန်/ဆက်)

(၁၂-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၂ ~ ၃၆၆၆.၂	၅၅၇.၈~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၄,၁၂၅,၄၂၇.၇၆	၁၁,၉၆၁,၆၅၉.၄၀	၈၆,၄၇၅,၉၃၀.၉၀	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ				

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ မုယော၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၀၃ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ငဖဲမြို့နယ်၌ တောင်သူများအား ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ငဖဲ မေ ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ရင့်ရှည်ကျေးရွာအုပ်စုမှ တောင်သူများအား မေလ ၁၂ ရက်တွင် စတင်ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်သီသီမာက တောင်သူများ၏ ဝင်ငွေနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများလိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများအတွက် ချေးငွေထုတ်ချေးရေးကဏ္ဍမှနေ၍ တစ်ဖက်တစ်လမ်းမှပံ့ပိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁၂ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများအား ချေးငွေနှုန်းထားတိုးမြှင့်ရေးအစီအစဉ်အရ အချိန်စေ့ရောက်ပြီး နှစ်စဉ်ချေးငွေအရင်း၊ အတိုးနှင့် ဒဏ်တိုးများ၊ နှစ်တိုချေးငွေနှင့် နှစ်ရှည်ချေးငွေ၏ အရစ်ကျငွေ အရင်း၊ အတိုးများ ပြေကျေစွာပေးဆပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(ဂ)ရှိသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မိုးသီးနှံများအဖြစ် စပါးနှင့် တခြားသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ချေးငွေငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော်ကို ကျေးရွာအုပ်စု ၂၂ အုပ်စုအား ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးရန် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ တခြားသီးနှံစိုက်ပျိုးရန် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းနှင့် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်စိုက်ပျိုးရန် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းဖြင့် ရင့်ရှည်ကျေးရွာအုပ်စုမှ တောင်သူ ၄၀ ဦး၏ မိုးစပါး ၅၈ ဧကနှင့် နှမ်းသီးနှံ ခုနစ်ဧက စုစုပေါင်း ၆၅ ဧကအတွက် ချေးငွေငွေကျပ် ၁၉၁ ဒသမ ၅ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့်ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **မယု(ငဖဲ)**



မြောက်ဥက္ကလာပမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်လှစ်ပို့ချ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား စာရင်းရေးသွင်းနည်းသဘောတရားများ နားလည်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို မေလ ၁၂ ရက်တွင် မြို့နယ်သမဝါယမအသင်းစုလိမိတက်ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးဟိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်က ရက် ၁၀၀ စီမံချက်ဖြင့် သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်လှစ်ပို့ချပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းဝန်ထမ်း ၆၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၂ ရက်မှ ၁၆ ရက်အထိဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)


ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်ကြီး မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နှန်းဟူးကျေးရွာအုပ်စု ပင်စုံကျေးရွာနှင့် ဘော်စောကျေးရွာတို့၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပင်စုံကျေးရွာနှင့် ဘော်စောကျေးရွာတို့၌ အရှည် ၃၃၃ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၄ ဒသမ ၉၈ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၉၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလ အတွင်း မျှင်ငါးပိ ပိသာအများအပြားတင်ပို့ရောင်းချနိုင်



လပွတ္တာ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလ အတွင်း မျှင်ငါးပိ ပိသာအများအပြားတင်ပို့ရောင်းချနိုင်ကြောင်း လပွတ္တာမြို့နယ်၌ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းမော်၏ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချရာ ပြီးခဲ့သည့်မတ်လက မျှင်ငါးပိ ပိသာ ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိသာ ၆၆၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ဘက်က လက်ရှိမှာလည်း မျှင်ငါးပိဝယ်ကုန်က အရမ်းများနေပါတယ်။ မျှင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကောင်းလည်းရနေတယ်။ အခုလို မျှင်ငါးပိတွေ ပြန်ပြီးတော့အရောင်းအဝယ်ကောင်းလာလို့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်'' ဟု ဒေါ်ဝင်းမော်ကပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှရရှိသော မျှင်ကောင်များကိုဝယ်ယူပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချကြောင်း၊ အဆိုပါမျှင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သုတကျော်**

သတင်းမှတ်စု

တောင်တွင်းကြီးမြို့ရှိ ကမ္ဘာ့အမွေအနှစ်ဒေသ ဗိဿနိုးမြို့ဟောင်းသို့ လာရောက်လေ့လာနိုင်



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့သည် ပျူခေတ်အခါက ပုဏ္ဏဝတီမြို့ဟု အမည်တွင်ခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။ တောင်တွင်းကြီးမြို့ (ပုဏ္ဏဝတီမြို့) သည် လေးထောင့်ပုံသဏ္ဌာန်ရှိကာ ရှေးဟောင်း အမွေအနှစ်များ၊ ယဉ်ကျေးမှုလက်ရာများဖြင့် ထင်ရှားလှသည့် မြန်မာနိုင်ငံ၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် ပျူလူမျိုးတို့၏ ဗိဿနိုးမြို့ဟောင်းတည်ရှိသည်။

ဗိဿနိုးမြို့ဟောင်းသည် မြို့ရိုးသုံးခုဖြင့် တည်ဆောက်ထားကာ ပတ်ဝန်းကျင် မြေမျက်နှာသွင်ပြင်မှာ ယင်းချောင်းလွင်ပြင်ကို ဗဟိုပြု၍ အရှေ့ဘက်တွင် တောင်တွင်းကြီးမြို့တည်ရှိပြီး အနောက်ဘက်တွင် ယင်းချောင်း၊ စတုံချောင်း၊ ရန်ပယ်ချောင်းနှင့် တောင်ဦးချောင်းတို့ ပေါင်းဆုံစီးဝင်လျက်ရှိသည်။ နုန်းမြေနုများဖြင့် မြေဩဇာကောင်းမွန်လှသည့် မြို့ဟောင်းမြို့တစ်မြို့ဖြစ်သည်။ မြို့ဟောင်း၏ အလယ်ဗဟိုတွင် စတုဂံပုံ အုတ်ရိုးများဖြင့် တည်ဆောက်ထားသည့် နန်းတော်ရာတည်ရှိသည်။

ဗိဿနိုးမြို့ဟောင်း၏ သမိုင်းကြောင်းကို မင်းတုန်းမင်းတရားကြီးလက်ထက် နေမျိုးမင်းလှသီရိအသခ်ယာဘွဲ့ခံ မြေလတ်စစ်ကဲကြီးရေးသားပြုစုခဲ့သည့် တောင်တွင်းကြီးမြို့သမိုင်းတွင် မဟာသမ္မာဝနင့် စန္ဒမုခီဘီလူးမတို့စုံမက်ပြီး ဖွားမြင်ခဲ့သည် မိန်းမငယ်လေးအား ဘီလူးမက ပစ်ထားခဲ့၍ ရသေ့ကြီးတစ်ပါးမှ ကောက်ယူမွေးစားခဲ့ကြောင်း၊ မိန်းမငယ်လေးကြီးပြင်းလာသည့်အခါ ရှေးဘဝက ဘုရားရှင်ထံ ပေရွက်လှူကာ ဆုတောင်းပန်ထွာပြုခဲ့ဖူးသောကြောင့် ဗိဿနိုးနတ်မင်းက မြို့ပြထီးနန်းဖန်ဆင်းပေးခဲ့ပြီး ဆုတောင်းပန်ထွာပြုခဲ့သည့်အတွက် ပန်ထွာမင်းသမီးအမည် တွင်ခဲ့ကြောင်း သိရသည်။

သရေခေတ္တရာအုပ်စိုးသော ဒွိတ္တဘောင်မင်းသည် ဗိဿနိုးမြို့ကို သိမ်းပိုက်ရန်ကြံစည်ခဲ့ရာ ပန်ထွာမင်းသမီးက သိကြားမင်းပေးသည့် စည်ကြီးကိုတီးခတ်လိုက်သည့်အခါ ရန်ပယ်ချောင်းမှ ရေများလျှံကျလာပြီး ဒွိတ္တဘောင်မင်းနှင့် စစ်သည်များက အလုံးအရင်းနှင့် ဆုတ်ခွာခဲ့ရသည်။ နောက်ပိုင်းတွင် ဒွိတ္တဘောင်မင်းသည် စည်ကြီးကိုဖျက်ဆီးခဲ့ကာ စစ်ပွဲကိုအောင်နိုင်ခဲ့ပြီး ပန်ထွာမင်းသမီးအား သရေခေတ္တရာသို့ခေါ်ဆောင်သွားကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါ ဗိဿနိုးမြို့ဟောင်းဒေသအား ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းအဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအတွင်းတွင် ဗိဿနိုးရှေးဟောင်း သုတေသနပြတိုက်အဖြစ်ပြသပစ္စည်းပေါင်း ၄၉၇ ခုပြသထားကြောင်း၊ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ပြကွက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းပြကွက်များ၊ ဓလေ့ရိုးရာ နေအိမ်ပုံစံငယ်များ၊ ဗိဿနိုးမြို့ဟောင်းမှ တူးဖော်ရရှိသည့် စာပေဆိုင်ရာ အထောက်အထားများ၊ ပျူစာပေအရေးအသားများ၊ ပျူခေတ်အုတ်များ၊ ပျူဒင်္ဂါးများ၊ ပျူပုတီးစေ့များနှင့် ရှေးဦးခေတ် ပျူလူမျိုးများ၏ ပန်းထိမ်လုပ်ငန်း၊ ပန်းရန်လုပ်ငန်း၊ ဗိသုကာ၊ လက်သမား၊ ကျောက်ဆစ်လုပ်ငန်း၊ ပုတီးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ အုတ်လုပ်ငန်းများ တွေ့ရှိရသည့် အတွက် မြန်မာလူမျိုးများသည် ပန်း ၁၀ မျိုး အတတ်ပညာကို ရှေးဦးကာလခေတ်များကတည်းက တတ်မြောက်ခဲ့ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့အမွေအနှစ်ဒေသ ဗိဿနိုးမြို့ဟောင်းသည် သုတေသနပြုရလဒ်များအရ ဘီစီ ၂ ရာစု မတိုင်ခင် ပေါ်ထွန်းခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်သည့်အတွက် အရှေ့တောင်အာရှဒေသတွင် အစောဆုံးမြို့ပြစနစ်တည်ထောင်နိုင်ခဲ့သည့် မြို့ဟောင်းမြို့တစ်မြို့ဖြစ်ခဲ့သည်။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့အတွင်းရှိ ကမ္ဘာ့အမွေအနှစ်ဒေသ ဗိဿနိုးမြို့ဟောင်းသို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

နောင်နောင်(ဗိဿနိုးမြေ)

အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနှင့် အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်



လှိုင်းဘွဲ့ မေ ၁၂

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် ကမ္ဘာ့ကချူးကျေးရွာအုပ်စု၊ ကော့ဝန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သည့် အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနှင့် အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်နံနက်မိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးမျိုးမြင့်နိုင်က အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်များ ပေါ်ပေါက်လာစေရေးအတွက်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပေးသော စာတွေ့၊ လက်တွေ့နည်းပညာများကို အသုံးချပြီး မိမိတို့၏ လက်တွေ့နယ်ပယ်အသီးသီး၌ ပိုမိုကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ကြိုးစားမှုတို့ဖြင့်ပေါင်းစပ်ကာ ကိုယ်ပိုင်လုပ်ငန်းငယ်များထူထောင်ပြီး မိသားစုဝင်ငွေတိုးတက်ရရှိအောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းများကို မေလ ၁၁ ရက်အထိ ငါးရက်တာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများအား ဒေသထွက်သီးနှံမျိုးစုံဖြင့် စားသောက်ကုန်မုန့်မျိုးစုံနှင့် သစ်သီးဖျော်ရည်ပြုလုပ်နည်းများကို လည်းကောင်း၊ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများအား အိမ်သုံးဆပ်ပြာအရည်၊ ဆပ်ပြာအခဲပြုလုပ်နည်းအဆင့်ဆင့်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်းဘွဲ့(ပြန်/ဆက်)၊ (၄၀၆)

MWD Variety Channel ၁၃-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ဝ၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၃:၅၀ ဗုဒ္ဓမန္တအသိများတိုးပွားရကြစေ
၄။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်

ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းများ ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် မေ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီနယ်မြေဒဂ္ဂိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျွန်းတက်ပွဲကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းများ ရာနှုန်းပြည့်ပြီးစီးမှုကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတေဇာနေမျိုးဝင်း၊ လယ်ဝေးခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်း (အမှတ်-၁ နှင့် အမှတ်-၂) မြေသားလမ်း၊ သဲဖြန်းလမ်းခင်းခြင်းလုပ်ငန်းများနှင့် Slab Culvert၊ Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ စုစုပေါင်းငွေကျပ် ၂၁၆ ဒသမ ၈၅ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃ ရက်မှစတင်ကာ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ကျေးရွာရှိ တောင်သူများ၏လယ်ယာထွက်ကုန်သီးနှံများကို စွေးကွက်အတွင်းသို့ကုန်ကျစရိတ်သက်သာစွာ အချိန်မီ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

လည်ပင်းနာကျင်မှုဖြစ်စေသောအမှုအကျင့်များ

ဒေါက်တာလွင်သန့်

■ လည်ပင်းနာကျင်ပါက ရေနွေးအိတ်ကပ်ခြင်း သို့မဟုတ် ရေခဲကပ်ခြင်း ပြုလုပ်နိုင်သည်။ နာကျင်မှုသည် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိကြာလာလျှင် သို့မဟုတ် လက်များထုံကျဉ်လာလျှင် ဆရာဝန်နှင့် ပြသသင့်သည်။

■ နံနက်စောစောအိပ်ရာထသည့်အခါ၊ အလုပ်တွင် အချိန်ကြာကြာအာရုံစိုက်ရသည့်အခါ လည်ပင်းတွင်နာကျင်မှုခံစားရခြင်းမျိုး မကြာခဏကြုံဖူးကြသည်။ ထို့ပြင် လည်ပင်းနာကျင်မှုကိုဖြစ်စေနိုင်သည့် တခြားအကြောင်းရင်းများစွာရှိသည်။

လည်ပင်းနာကျင်ခြင်းသည် များသောအားဖြင့် မှားယွင်းသောအနေအထားဖြင့် ဖုန်း၊ ကွန်ပျူတာကြည့်ခြင်း၊ အိပ်စက်မှုပုံစံမမှန်ခြင်းနှင့် လည်ပင်းကြွက်သားများကို အလွန်အမင်းအလုပ်ပေးခြင်းတို့ကြောင့် ဖြစ်ပွားနိုင်သည်။ လည်ပင်းနာကျင်မှုဖြစ်ပွားပါက ထိုင်လျှင် မတ်မတ်ထိုင်ခြင်း၊ ခေါင်းအုံးအနိမ့်အမြင့်ချိန်ညှိခြင်းနှင့် လည်ပင်းကြွက်သားလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် သက်သာစေနိုင်သည်။

ဖုန်းနှင့်ကွန်ပျူတာကို အချိန်ကြာမြင့်စွာကြည့်ခြင်း

ခေါင်းကိုငုံ့ပြီး ဖုန်းကြည့်ခြင်း သို့မဟုတ် ကွန်ပျူတာမျက်နှာပြင်ကိုကြည့်ရန် လည်ပင်းကို ရှေ့သို့အလွန်အမင်းဆန့်ထုတ်ခြင်းသည် လည်ပင်းအဆစ်များပေါ် ပိုမိုဖိအားသက်ရောက်စေနိုင်သည်။

မှားယွင်းသောအိပ်စက်မှုပုံစံ

အလွန်မြင့်သော သို့မဟုတ် အလွန်နိမ့်သောခေါင်းအုံးကိုအသုံးပြုခြင်း၊ ဗိုက်မှောက်အိပ်ခြင်းသည် လည်ပင်းကြွက်သားများကို တင်းအားဖြစ်စေသည်။

လည်ပင်းကြွက်သားများ တင်းအားများခြင်း

တင်းအားများသည့် အလုပ်များကို ကြာရှည်စွာပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကြောင့် ပခုံးနှင့်လည်ပင်းကြွက်သားများတင်းခြင်းကို ဖြစ်စေနိုင်သည်။

ကိုယ်ဟန်အနေအထားပြုပြင်ခြင်း

ထိုင်လျှင်၊ ရပ်လျှင်၊ လည်ပင်းနှင့် ကျောရိုးကိုမတ်မတ်ထားသင့်သည်။ ဖုန်းကို အသုံးပြုရာတွင် မျက်လုံးနှင့်တစ်တန်းတည်းထား၍ အသုံးပြုသင့်သည်။

အလုပ်ခွင်ပတ်ဝန်းကျင်ညှိယူခြင်း

ကွန်ပျူတာမျက်နှာပြင်ကို မျက်လုံးနှင့် တည့်တည့်တွင်ထားသင့်သည်။ မိနစ် ၃၀ မှ မိနစ် ၆၀ ကြာတိုင်း ခေတ္တနားပြီး လည်ပင်းကို လှုပ်ရှားမှုပြုလုပ်သင့်သည်။

အိပ်စက်မှုပုံစံပြောင်းလဲခြင်း

ခေါင်းအုံးအုံးရာတွင် လည်ပင်းကြွက်သားများတည့်မတ်စေရန် မနိမ့်လွန်း၊ မမြင့်လွန်းသော ခေါင်းအုံးအရွယ်အစားကို ရွေးချယ်သင့်သည်။ ဘေးစောင်း သို့မဟုတ် ပက်လက်အိပ်စက်သင့်သည်။

လေ့ကျင့်ခန်းနှင့် ကြွက်သားလျှော့ချခြင်း

လည်ပင်းကြွက်သားများကို သန်မာစေသောလေ့ကျင့်ခန်းများ(ဥပမာ-လည်ပင်းကို ဖြည်းဖြည်းချင်း အပေါ်၊ အောက်၊ ဘေးဘယ်၊ ညာလှည့်ခြင်း)ကို ပုံမှန်ပြုလုပ်သင့်သည်။

အိမ်တွင်းကုထုံး

လည်ပင်းနာကျင်ပါက ရေနွေးအိတ်ကပ်ခြင်း သို့မဟုတ် ရေခဲကပ်ခြင်း ပြုလုပ်နိုင်သည်။ နာကျင်မှုသည် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိကြာလာလျှင် သို့မဟုတ် လက်များထုံကျဉ်လာလျှင် ဆရာဝန်နှင့် ပြသသင့်သည်။

နံနက်စောစော အိပ်ရာထသည့်အခါ၊ အလုပ်တွင် အချိန်ကြာကြာအာရုံစိုက်ရသည့်အခါ လည်ပင်းတွင်နာကျင်မှုခံစားရခြင်းမျိုး မကြာခဏကြုံဖူးကြသည်။ ထို့ပြင် လည်ပင်းနာကျင်မှုကို ဖြစ်စေနိုင်သည့် တခြားအကြောင်းရင်းများစွာရှိသည်။

အချိန်ကြာကြာခေါင်းငုံ့ထားခြင်း

စာဖတ်သည့်အခါ အချိန်ကြာမြင့်စွာ ခေါင်းငုံ့ထားခြင်း၊ ကွန်ပျူတာအသုံးပြုသည့်အခါ အာရုံစိုက်နေမိ၍ လည်ပင်းနှင့် ဦးခေါင်းအနေအထားတွင် ဒဏ်ပိသကဲ့သို့ဖြစ်စေသောကြောင့် လည်ပင်းနာတစ်ဖိုက်ကြွက်သားနှင့် ပခုံးကြွက်သားနာကျင်မှုဖြစ်စေပြီး အလွယ်တကူကျုံ့၍ ဆန့်၍မရခြင်းမျိုး ဖြစ်ပွားနိုင်သည်။ အဆိုပါပြဿနာကို သက်သာစေရန် ဦးခေါင်း၊ လည်ပင်း၊ ကျောရိုးတစ်လျှောက်နှင့် တင်ပါးဆုံရိုးကို တစ်တန်းတည်းတည့်မတ်စေရန် မတ်မတ်ထိုင်ခြင်း၊ မတ်မတ်လမ်းလျှောက်ခြင်းနှင့် အကြောဆန့်ခြင်းမျိုး ပြုလုပ်သင့်သည်။

အလုပ်စားပွဲအနေအထားမှားယွင်းခြင်း

အမေရိကန်နိုင်ငံ၏ အလုပ်သမား ၄၅ ရာခိုင်နှုန်းသည် ကွန်ပျူတာအသုံးပြုမှုများသောကြောင့် လည်ပင်းနာကျင်မှု ဝေဒနာကို ခံစားရသည်။ နောက်ထိုင်ခုံအနေအထားနှင့် အလုပ်စားပွဲကြောင့် လည်း လည်ပင်းနှင့်ကျောရိုးနာကျင်ခြင်းကို ဖြစ်ပွားစေနိုင်သည်။ နာရီဝက်တစ်ကြိမ် မိမိထိုင်သည့်ပုံစံကို Alarm ပေးထားသင့်သည်။ သို့မဟုတ် (၂၀:၂၀:၂၀)စည်းမျဉ်းကို လိုက်နာသင့်သည်။ မိနစ် ၂၀ ကြာကြည့်ပြီးတိုင်း ပေ ၂၀ အကွာအဝေးသို့ စက္ကန့် ၂၀ ကြာကြည့်ပေးလျှင် ကွန်ပျူတာနှင့်ရေရှည် အလုပ်လုပ်နိုင်မည်ဖြစ်သည်။

ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်ခြင်းသည် လည်ပင်းနှင့် နောက်ကျောနာကျင်မှုကို ပြင်းထန်နိုင်သည်ဟု လေ့လာချက်အရ သိရသည်။ ဆေးလိပ်သောက်ခြင်းက သွေးကြောကို ပိုၿတင်းမာစေကာ ကျုံ့ရာ ဆန့်ရခက်သောကြောင့် ကျောရိုးတစ်လျှောက် အောက်ဆီဂျင်ရရှိနှုန်းကို လျော့ကျစေနိုင်သည်။

ဖုန်းအသုံးပြုလွန်ခြင်း

ဖုန်းနှင့် အဆက်မပြတ်စာရိုက်ခြင်း၊ ကွန်ပျူတာသုံးခြင်း၊ ဂိမ်းကစားခြင်းတို့က မိမိလက်မ၊ လက်ညှိုးထိပ်များနာကျင်စေရုံသာမက လည်ပင်း၌ရှိသော ကြွက်သားများကို ဝန်ပိစေသည်။ ပုံမှန်အားဖြင့် ဦးခေါင်းတစ်ခုအလေးချိန်က ဆယ့်နှစ်ပေါင်ရှိသောကြောင့် အဆိုပါအလေးချိန်ကိုထိန်းပြီး ဖုန်းကိုအာရုံစိုက်ရခြင်းက လည်ပင်းကိုဒဏ်ပိစေနိုင်သည်။ ထို့ကြောင့် ဖုန်းကို အချိန်ကြာမြင့်စွာသုံးစွဲခြင်းကို တတ်နိုင်သမျှလျှော့ပြီး မဖြစ်မနေအသုံးပြုမည်ဆိုလျှင် တစ်သမတ်တည်းဖုန်းကြည့်နေခြင်းမျိုးမဟုတ်ဘဲ ခေါင်းလေ့ကျင့်ခန်း၊ လည်ပင်းလေ့ကျင့်ခန်းများ ပြုလုပ်ပေးသင့်သည်။

အရက်သောက်ခြင်း

အိပ်စက်သည့်အနေအထား မှားယွင်းခြင်းကြောင့် ခါးနာခြင်းကို ကြုံဖူးကြမည်ဖြစ်သည်။ အရက်သောက်သူများက သာမန်သူများထက် အိပ်သည့်အခါ ခန္ဓာကိုယ်အနေအထား မှားယွင်းသောကြောင့် ပို၍ခါးနာလေ့ရှိသည်။ ထို့ကြောင့် အရက်သောက်ခြင်းကိုလျှော့ချပြီး အိပ်ရာဝင်သည့်အခါ ဦးခေါင်းအနေအထား၊ ခါးအနေအထားမှန်စေရန် သတိပြုအိပ်စက်သင့်သည်။ အရက်က အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ နာတာရှည်အသည်းရောင်ခြင်း၊ အသည်း၌အမှတ်စွဲထင်ခြင်း၊ အသည်းကြွပ်ဆတ်ခြင်း၊ အသည်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ အူမကြီးကင်ဆာရောဂါတို့ဖြစ်စေသောကြောင့် ရှောင်ကြဉ်သင့်သည်။

လည်ပင်းနာကျင်မှုမဖြစ်စေရန် ပြုပြင်ရမည့်အမှုအကျင့်များမှာ ပခုံးကို သက်သောင့်သက်သာထားသင့်သည်။ ကွန်ပျူတာကြည့်ခြင်း၊ စာဖတ်ခြင်း၊ တီဗီကြည့်ခြင်းပြုလုပ်သည့်အခါ လည်ပင်းရှိကြွက်သားများ တင်းအားဖြစ်စေ၍ ပခုံးကို သက်သောင့်သက်သာအနေအထားဖြစ်ရန်လိုအပ်သည်။

ပခုံးနှင့်ညှပ်ပြီး ဖုန်းမသုံးသင့်ပါ။ ဖုန်းလာသည့်အခါ လက်မအား၍ဆိုကာ ပခုံးနှင့်နားညှပ်၍ ဖုန်းပြောခြင်းကြောင့် လည်ပင်းနာကျင်မှုကို ခံစားရနိုင်သည်။

လေးလံသည့်ဘေးလွယ်အိတ်များမသုံးသင့်ပါ။ မိန်းကလေးအများစုပြုလုပ်တတ်ကြသည့် အကျင့်တစ်ခုဖြစ်သည်။ မိမိကိုင်သည့်လွယ်အိတ်ထဲတွင် အကုန်ထည့်ပြီး လွယ်သွားတတ်သည်။ ထိုသို့လွယ်သောကြောင့် လည်ပင်းနှင့်ပခုံးကို နာကျင်မှုဖြစ်စေသည်။ ထို့ကြောင့် မလိုအပ်သည်များ အိတ်ထဲမထည့်သင့်ပါ။ တစ်ပတ်တစ်ကြိမ်ခန့် မိမိလွယ်အိတ်ကို ရှင်းလင်းပြီး မလိုအပ်သည်များ ဖယ်ထုတ်သင့်သည်။

ကွန်ပျူတာကို အသုံးပြုရာတွင် အနီးအဝေးချိန်ညှိသင့်သည်။ ကွန်ပျူတာအသုံးပြုသည့်အခါ Screen ရှိသည့်နေရာက မျက်လုံးနှင့်တစ်တန်းတည်းမကျသည့်အခါ လည်ပင်းနှင့်ပခုံးရှိကြွက်သားများကို နာကျင်မှုဖြစ်စေသည်။ ထို့ကြောင့် ကွန်ပျူတာကို အနီးအဝေးနှင့်အပေါ်၊ အောက်အနေအထားမှန်ကန်စွာချိန်ညှိပြီး အသုံးပြုသင့်သည်။

လူတိုင်း နေ့စဉ်နာရီဝက်မှ တစ်နာရီကြာ အပြေး၊ ရွရွပြေး၊ စက်ဘီးစီး၊ လမ်းလျှောက်၊ ရေကူးပြုလုပ်သင့်သည်။ လေ့ကျင့်ခန်းပြုလုပ်၍ ထွက်ရှိသောချွေးက စားလိုက်သောကယ်လိုရီများကို အဆီအဖြစ်မစုစေသဖြင့် အဆီမစုဝေးခြင်း၊ အဝလွန်ခြင်းနှင့် ဆီးချိုသွေးချိုရောဂါတို့မှကင်းဝေးစေသည်။

အိပ်ရေးဝဝအိပ်စက်သင့်သည်။ အရွယ်ရောက်ပြီးသူတိုင်း တစ်ညကို အိပ်ချိန်ခြောက်နာရီမှ ရှစ်နာရီ ပြည့်ပြည့်ဝဝအိပ်စက်သင့်သည်။ အိပ်ရေးမဝခြင်းကြောင့် လည်ပင်းနှင့် ပုခုံးနာကျင်မှုများကို ခံစားရစေနိုင်သောကြောင့် အိပ်ရေးဝဝအိပ်စက်သင့်သည်။

ဘားအံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဘားအံ မေ ၁၂

ကရင်ပြည်နယ် ဘားအံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မေလ ၁၁ ရက်က ဘားအံမြို့နယ် တော်ပုံအင်ကြင်းဖိုကျောင်း၌ ဗလငါးတန်နှင့် ပြည့်စုံစေရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လူငယ်ရေးရာနှင့်ပတ်သက်သည့် အသိပညာပေးအကြောင်းအရာများ၊ အားကစားဆိုင်ရာအသိပညာပေးအကြောင်းအရာများနှင့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးပေဘာပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ



တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

လားရှိုး မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့်အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရေးဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် လားရှိုးခရိုင်လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းကအမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီစိုးက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များအား သင်တန်းသား၊ သင်တန်းသူများထံပေးအပ်ပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။ ဆက်လက်၍ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် ကုန်ချောပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။



သင်တန်းတွင် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ၊ စားသောက်ကုန်တွင်သုံးစွဲသောဓာတုပစ္စည်းများ၊ ထုပ်ပိုးမှုများနှင့်ကိတ်နှင့်ပေါင်မုန့်အမျိုးမျိုးပြုလုပ်နည်းများအား မေလ ၅ ရက်မှ ၁၁ ရက်အထိ စာတွေ့လက်တွေ့ပို့ချသင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာတွင် ဆီထွက်သီးနှံ ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးမည်

မင်းဘူး မေ ၁၂

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာရှိ မြို့နယ်ကိုးခုတွင် ဆီထွက်သီးနှံအဖြစ် နှမ်း၊ နေကြာနှင့် မြေပဲတို့ကို ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇုန်(၂)တာဝန်ခံထံမှ သိရသည်။

ဒေသတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရက် ၁၀၀ စီမံချက်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးဆောင်ရွက်မည့် တောင်သူများအတွက် သီးနှံမျိုးစေ့များကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာအတွင်းရှိ မြို့နယ်ကိုးခုခွဲ ဆီထွက်သီးနှံမျိုးသန့်ပွားဆောင်ရွက်နိုင်ရေးနှင့် Seed Grower Association၊ မျိုးစေ့ထုတ်အစုအဖွဲ့လိုက် စိုက်ပျိုးမည့်တောင်သူများအတွက် နှမ်းသီးနှံ မကွေးနှမ်းနက် ၂/၁၄ မျိုးစေ့တစ်ဧက နှစ်ပြည်နှုန်း၊ နေကြာသီးနှံဆင်းရွှေကြာ-၂ မျိုးစေ့ တစ်ဧက လေးပြည်နှုန်း၊ မြေပဲသီးနှံ တွန်တာနီမျိုးစေ့ တစ်ဧကခြောက်တင်းနှုန်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆန်လျှော်မျိုးစေ့ တစ်ဧက ငါးပြည်နှုန်းဖြင့် မျိုးသန့်မျိုးစေ့များကို ရက် ၁၀၀ စီမံချက်ဖြင့် ပေးအပ်ခဲ့ကြောင်း ဆီထွက်သီးနှံအထူးဇုန်(၂)တာဝန်ခံ ဦးသိန်းနိုင်ဝင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာတွင်ပါဝင်သည့် မင်းဘူးခရိုင်အတွင်းမှ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ် သရက်ခရိုင်အတွင်းမှ သရက်၊ မင်းတုန်း၊ မင်းလှနှင့် ကံမမြို့နယ် စုစုပေါင်းကိုးမြို့နယ်၌ ဆီထွက်သီးနှံများအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံကို စိုက်ဧက စုစုပေါင်းဧက ၃၅၀၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ကြို့ပင်ကောက်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေး



ကြို့ပင်ကောက် မေ ၁၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက် ၁၀၀ စီမံချက်အနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးခြင်း အခမ်းအနားကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး ဒေါ်စိမ်းစိမ်းဝါက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများနှင့်ပတ်သက်၍ ချေးငွေဆိုင်ရာ စည်းကမ်းချက်များအား တောင်သူများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅ မိုးရာသီချေးငွေများပြေကျေသည့် အုန်းနဲကျောတန်းကျေးရွာအုပ်စုမှတောင်သူ ၃၂ ဦး၏ လယ်ဧက ၂၂၅ ဧကအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်းကျပ် ၆၇၅ သိန်းအား တောင်သူများ လက်ဝယ်အရောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက စနစ်တကျထုတ်ချေးပေးသည်။

ကြို့ပင်ကောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးစိုက်ဧက ၃၅၀၀၀၀ အတွက် ငွေကျပ်သိန်း ၁၀၅၀၀၀ ကို အတိုးနှုန်းသက်သာစွာ တောင်သူများကို ဆက်လက်ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ပင်သရက် အစဉ်အဆက်ထိန်းသိမ်းစို့

- ဆန္ဒနိုးကြား၊ လှုံ့လထား၍
  နောင်သားမြေးထိ၊ မြေဘဲတွေးသိလျက်
  မြေညှိမြေထိုး၊ စီရီပျိုးကာ
  အဘိုးစိုက်ငြား၊ သူ့လုပ်အားနှင့်
  အဘွားပြုစု၊ ယုယမှုနှင့်
  ပေါင်းစုညီပေ၊ တာဝန်ကျေသည့်
  အမွေဆက်ခံ သရက်ခြံ။
- "မချစ်စု"ယှဉ်၊ "ရင်ကွဲ"ပင်နှင့်
  "အောင်ဒင်""စိန်တစ်လုံး"၊ စားသုံး"ဝါဆို"
  မှည့်ချိုနှစ်သက်၊ ယှဉ်တွဲဖက်စေ
  သရက်ပျိုးပင်၊ မျိုးစုံလင်သည့်
  ဥယျာဉ်ဝန်းရံ သရက်ခြံ။
- ဘိုးဘွားပေါင်းသင်၊ ဖျက်ပိုးနှင့်လျက်
  ရှင်သန်ဖြစ်ရေး၊ မြေဆီကျွေးနှင့်
  မြောင်းပေးသွယ်ဖောက်၊ ရေကြည်သောက်၍
  ဖြစ်မြောက်ကိုင်းခက်၊ ပင်စည်ထက်မှ
  သီးထွက်ပိုမို၊ သရက်ချိုတို့
  အလိုပြည့်ဝ၊ စားချိုမြ၏။
- သရက်ချိုမြ၊ စားသုံးရသော်
  ရှိစွတန်ဖိုး၊ ချစ်မြတ်နိုးကြ
  အကျိုးသက်ရောက်၊ ရှိမျက်မှောက်တည့်
  စောင့်ရှောက်ထိန်းမှု၊ ချိန်ယခုၭ
  ပြုစုအမှန်၊ တို့တာဝန်ရှိ
  ကျေပွန်ရှေးရှု၊ သတိပြုလော့။
- ညော်...တန်ဖိုးလေးစား၊ ဘိုးဘွားများ၏
  တိုးပွားပေရစ်၊ အမွေနှစ်တည်း
  ဖွင့်လှစ်မဆိုင်း၊ ဂုဏ်သမိုင်းကို
  ယှဉ်နှိုင်းမြှင့်တွေး၊ ကောင်းမွေပေးလော့
  သားမြေးမြစ်ဆင်း၊ မလစ်ဟင်းစေ
  ချစ်ခြင်းတစ်သက်၊ ပင်သရက်မို့
  စဉ်ဆက်ပြုစု၊ ထိန်းသိမ်းမှုဖြင့်
  ယခုချိန်ကိုက်၊ သတိပို့က်၍
  ရင်၌ ရှိကြစေသတည်း။ ။

မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

သတ်မှတ်ချက်များ

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည် ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွဲ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရုပ်ကွက်၊ အောင်မြေသာဇံ မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၅၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၈၇၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၄၂၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

သတ်မှတ်ချက်များ

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။

၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏာဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၄၂၅၅၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း- ၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၁၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

သတ်မှတ်ချက်များ

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။

၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။

၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။

၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။

၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း(Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ၊ အမှတ်-၃၄ ၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇- ၄၀၄၂၅၅၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂ ၊ ၀၉ - ၂၅၀၀၇၇၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၂

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဒုတိယဝန်ကြီးဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိနိုင်မည့် အချက်အလက်များအပေါ်အခြေခံ၍ မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာနှင့်ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးကာသန်းခေါင်စာရင်းဆိုင်ရာ တိုင်းဒေသကြီး အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးနေမှုနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကတ်များကို ပြည်သူများလက်ဝယ် အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

ဧရာဝတီတိုင်းဒေသကြီးအတွင်း Football For School Program ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်အရ Football For School Program ဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း ရုံးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှု၊ အဆင့်မြင့်ရေကူးကန်၌ ရေကူးသရုပ်ပြသနေမှုနှင့် မိုးလုံလေလုံအားကစားရုံတည်ဆောက်မည့်မြေနေရာနှင့်အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)ကျောင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

အာဆီယံမိသားစုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်

နေပြည်တော် မေ ၁၂

ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ ၂၀၂၆ ခုနှစ် မေလ ၁၂ ရက်မှ ၁၄ ရက်အထိ Video Conference စနစ်ဖြင့်ကျင်းပသည့် အာဆီယံမိသားစုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာ ညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းဝေး(ASEAN Ministerial Meeting on Social Welfare and Development –AMMSWD)၏ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်သူ H.E Rex Gatchalian က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာစကားပြောကြားရာတွင် ကျား၊ မ တန်းတူညီမျှရေးနှင့် မိသားစု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အာဆီယံကြေညာချက်နှင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိသားစု၏ အရေးပါမှုဆိုင်ရာ ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်တို့သည် မိသားစုများအား ပိုမိုကူညီပေးနိုင်ရေးနှင့် ခိုင်မာအားကောင်းစွာ တည်ဆောက်နိုင်ရေးတို့အတွက် ကတိကဝတ်များဖြစ်ကြောင်း။



အာဆီယံဒေသတွင်း မိသားစုများ၏ တည်ငြိမ်ရေးနှင့်သာယာဝပြောရေးအတွက် အားလုံးပါဝင်နိုင်ပြီး လိုက်လျောညီထွေရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များမှတစ်ဆင့် ထိခိုက်လွယ်အုပ်စုများထံ ရောက်ရှိနိုင်မည့် မိသားစုကိုဗဟိုပြုသော မူဝါဒများနှင့် အားပေးကူညီသည့်အစီအမံများ၊ ပညာရေး၊ကျန်းမာရေး၊လူမှုဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီစေမည့် ပေါင်းစပ်ချဉ်းကပ်မှုနှင့် ဟန်ချက်ညီသော စနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

၁၂-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၂၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပဲခူးတိုင်းဒေသကြီးအတွင်း ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး



ပဲခူး မေ ၁၂

ပဲခူးတိုင်းဒေသကြီးအတွင်း ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို သက်ဆိုင်ရာတောင်သူများထံပေးအပ်ရာတောင် သူများကိုယ်စား ပဲခူးမြို့နယ် အုတ်ဖိုကျေးရွာအုပ်စုမှ တောင်သူ ဒေါ်ငွေးမာစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တောင်သူပေါင်း ၁၇၁၇၁၄ ဦး၊ စိုက်ဧက ၁၀၇၉၅၉ ဧက၊ ချေးငွေကျပ် ၃၂၃ ဒသမ ၅၃၅ ဘီလီယံ ထုတ်ချေးရန်လျာထားသည့် အနက် ရက်(၁၀၀)စီမံချက်အနေဖြင့် တောင်သူပေါင်း ၇၈၉၃၅ ဦး၊ စိုက်ဧက ၅၅၈၈၉၆ ဧကအတွက် ချေးငွေကျပ် ၁၆၇ ဒသမ ၆၆၈ ဘီလီယံကို ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၄၁၀)

ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ် စိုက်ကြစို့

ပီပီအိုင်ဘီ

ပဲပုပ်သည် နိုင်ငံအတွင်းထွက်ရှိသော ပဲမျိုးစုံသီးနှံများအနက် ပြည်ပနိုင်ငံ(အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံ)တို့သို့ တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနေသော သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော ပဲမျိုးစုံသီးနှံများတွင် ပဲပုပ်သည် မြေပဲကဲ့သို့ စားသုံးဆီထုတ်လုပ်နိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်ကိုအထွက်တိုးအောင်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုနိုင်



မည်ဖြစ်သည်ကို လေ့လာချက်များအရတွေ့ရှိရသည်။ ထို့ပြင် ပဲပုပ်ကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် တောင်သူဦးကြီးများ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုမည့်သီးနှံလည်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားများ နေ့စဉ်စားသုံးနေသော အစားအစာများတွင် စားသုံးဆီတစ်မျိုးမျိုးကို မဖြစ်မနေသုံးစွဲနေကြရသည်။ ထိုသို့သုံးစွဲသည့် စားသုံးဆီသည် အရည်အသွေးပြည့်မီသည့် စားသုံးဆီဖြစ်ရန် လိုအပ်ပါသည်။ ကုန်စုံဆိုင်တစ်ဆိုင်ရှိ စားသုံးဆီများထားရာနေရာတွင် ထုပ်ပိုးမှုပုံစံသေသပ်စွာဖြင့် ခင်းကျင်းထားသော စားသုံးဆီဘူးများ၌ မြေပဲဆီ၊ နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီများနှင့် ယှဉ်တွဲလျက်ပါဝင်နေသော စားသုံးဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soy Bean Oil)ဖြစ်သည်။ Cook Soybean oil ၊ Yarthetpan soybean oil ၊ Meizan soybean oil နှင့် ထိုင်းစာတန်းပါ ပဲပုပ်ဆီ စသည်ဖြင့် အမည်အမျိုးမျိုးကို ပြည်တွင်းဈေးကွက်အတွင်း တွေ့ရှိရပါသည်။ အဆိုပါ ဆီအများစုသည်ပြည်ပမှ အဓိက တင်သွင်းထားခြင်းဖြစ်သဖြင့် စားသုံးသူဈေးကွက် ကြီးမားစွာရှိသည့် ပဲပုပ်ဆီကို ပြည်တွင်း၌ မဖြစ်မနေထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် သီးနှံတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့် ပဲပုပ်မျိုးကွဲပြားမှုအပေါ် မူတည်၍ ပျမ်းမျှအားဖြင့် အသားဓာတ် ၄၀ ရာခိုင်နှုန်း၊ ဆီ ၂၀ ရာခိုင်နှုန်း အသီးသီးပါဝင်ကြောင်း တွေ့ရှိရသည်။ ဆီထွက်ပဲပုပ် ၁ တင်းအား ဆီကြိတ်ခွဲလျှင် စားသုံးဆီ ၃ ပိဿာခန့်နှင့် ကြိတ်ဖတ် ၁၆ ပိဿာခန့် ထွက်ရှိကြောင်းတွေ့ရသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများက လေ့လာဖော်ထုတ်ထားကြပြီး ကမ္ဘာ့ထိပ်တန်းစားသုံးဆီများတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပဲပုပ်ကို ဆီထုတ်ပြီးနောက် ကျန်ရှိသည့်ကြိတ်ဖတ်တွင်လည်း အသားဓာတ်ကြွယ်ဝစွာပါရှိသည့်အပြင် တိရစ္ဆာန်များအတွက် လိုအပ်သည့် အဓိကိုင်းနိုအက်စစ်မြောက်မြားစွာပါဝင်သည့်အတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြရာဈေးကွက် ကျယ်ပြန့်စွာရှိသည့် သီးနှံအမျိုးအစားလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပြည်တွင်းဆီစက်များမှထွက်ရှိသော ဆီကြိတ်ဖတ်များ ဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်၊ ပန်းနှမ်းဖတ်၊ ပဲပုပ်ဖတ် စသည်တို့အနက် လက်ရှိတွင် ပဲပုပ်ဖတ်အား တိရစ္ဆာန်အစာစက်ရုံများတွင် အသုံးပြုမှုများပြားပြီး ပြည်တွင်းဝယ်လိုအားများရှိကာ ဈေးကောင်းရရှိလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အကျိုးအမြတ်သေချာပြီး မြေပဲထက်ပင် အမြတ်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်စိုက်ပျိုးသည့် တောင်သူဦးကြီးများ အကျိုးအမြတ်များမည်မှာ သေချာသောသီးနှံဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ ပဲပုပ်ထုတ်လုပ်မှုကို လေ့လာကြည့်ပါက ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ပဲပုပ်သီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်ကြပြီး ကမ္ဘာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးထုတ်လုပ်ကြသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံမှ စားသုံးဆီထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပဲပုပ်မှထုတ်လုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဲပုပ်ကို ကမ္ဘာတစ်ဝန်းလုံးရှိ စိုက်ပျိုးနိုင်သောမြေ၏ ၆ ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ်တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ကို အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဆီထွက်ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်ရန် အရင်းအမြစ်များစွာရှိသကဲ့သို့ ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ပဲပုပ်ကို ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးသည်ကိုတွေ့ရှိရပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ဧက **၂၅၃၂၃** ဧကရှိသည့် အနက် ရှမ်းပြည်နယ်က ဧက **၁၂၆၈၆၀** စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး ပဲပုပ်စိုက်ဧက၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိကြောင်းတွေ့ရှိရသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စုစုပေါင်းဧကာ ၁ သိန်းကျော်စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံး၌ ပဲပုပ်တစ်ဧက ပျှမ်းမျှအထွက်နှုန်း ၁၈ တင်းကျော် ထွက်ရှိသည်။ အထွက်နှုန်း အကောင်းဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက ပျှမ်းမျှအထွက်နှုန်းတင်း ၂၀ ကျော်အထိ ထွက်ရှိကြောင်းတွေ့ရှိရပါသည်။ ပဲပုပ်ကို သီးသန့်သော်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာ သီးနှံတို့နှင့်အတူ သီးညှပ်သီးနှံအဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲပုပ်သည် တစ်ရာသီခံသီးနှံပင်ဖြစ်ပြီး ရှမ်းပြည်နယ်၌ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စပါးရိတ်သိမ်းအပြီး ဆောင်းရာသီ၌ သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ ထိုသို့ သီးထပ်စိုက်ပျိုးမည်ဆိုပါက နောက်အကျဆုံး အောက်တိုဘာလကုန်တွင် ရိတ်သိမ်းနိုင်သည့် သက်လတ်မိုးစပါးမျိုးကို စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်ကို လေ့လာသိရှိရပါသည်။

နိုင်ငံတော်ကို စိုက်ပျိုးရေးစွမ်းအားရှိသည့် နိုင်ငံ (Agricultural Power Country)အဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။

ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အပြင် ပြည်ပမှပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုကို လျော့ချပေးနိုင်သည့် အလားအလာကောင်းသော သီးနှံတစ်ခုဖြစ်သည့်အတွက် ဆီထွက်ပဲပုပ်ကိုမဖြစ်မနေ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်. . .

ထုတ်လုပ်ရရှိလာသော လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများမှ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နေသည့်နည်းတူ ပြည်တွင်းသို့ ပြန်လည်တင်သွင်းနေရသည့် ကုန်ပစ္စည်းများကိုလည်း အစားထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မျက်မှောက်ကာလ၌ နိုင်ငံသူနိုင်ငံသားများ၏ နေ့စဉ်လူမှုဘဝတွင် မဖြစ်မနေသုံးစွဲနေရသည့်စားသုံးဆီများ၏ လိုအပ်ချက် မြင့်မားလျက်ရှိရာ ပြည်ပနိုင်ငံများမှ နှစ်စဉ်ပမာဏများပြားစွာ မှာယူတင်သွင်းနေရသည့်အတွက် မလိုအပ်ဘဲ နိုင်ငံခြားသုံးငွေ အမြောက်အမြားကို သုံးစွဲနေကြရသည်ကို တွေ့ရှိရသည်။ အဓိကအားဖြင့် ပြည်ပမှမှာယူတင်သွင်းနေရသည့်စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အတူ တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေး ပြည်ပမှ နှစ်စဉ်တန်ချိန်များစွာ မှာယူတင်သွင်းနေရသဖြင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲပုပ်ကို စားသုံးဆီအဖြစ်ကြိတ်ခွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံမှုကို အထောက်အကူဖြစ်စေမည့်အပြင် ထွက်ရှိလာသော ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် ပြည်ပမှတင်သွင်းနေရမှုကို လျော့ချနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်ပနိုင်ငံများမှ စားသုံးဆီတင်သွင်းမှုကိုလျော့ချပြီး ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်မှ စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော အစာကုန်ကြမ်းသည်လည်း မရှိမဖြစ် လိုအပ်လျက်ရှိသည့်အတွက်ကြောင့် ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်သည့်အပြင်ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုကို လျော့ချပေးနိုင်သည့် အလားအလာကောင်းသော သီးနှံတစ်ခု ဖြစ်သည့်အတွက် ဆီထွက်ပဲပုပ်ကိုမဖြစ်မနေ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ပဲပုပ်ကို သီးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းအပြင် သီးထပ်၊ သီးညှပ်အဖြစ်ပါ တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံသားများသည် ပဲပုပ်ကို ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ တိုဟူး၊ ပဲနို့၊ ပဲပုပ်ဆော့၊



ပဲပုပ်ပြား၊ ပဲပြား၊ ဒိန်ချဉ်၊ ပဲပြားပူတင်း၊ ပဲပုပ်ထောင်း၊ ပဲပုပ်စေ့လှော်၊ ဆီတိုဟူး၊ ကြာညို့၊ ပဲငံပြာရည်၊ ပဲမုန့်စသည်ဖြင့် အမျိုးမျိုးပြုလုပ်၍ စားသုံးကြသကဲ့သို့ ယခုအခါ ပဲပုပ်ဆီထုတ်လုပ်ခြင်းနှင့် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်ပါ အသုံးပြုလာကြသောကြောင့် ပြည်တွင်းဈေးကွက် သေချာသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်ကို မဖြစ်မနေတိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့ ❍

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများတွင် စနစ်တကျရင်းနှီးမတည်စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



မြစ်ကြီးနား မေ ၁၂

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတော်က မတည်ပေးထားသည့် ငွေကျပ် ၈ ဘီလီယံအား စနစ်တကျဖြင့် အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို စဉ်ဆက်မပြတ်လည်ပတ် နိုင်ရေးနှင့် တောင်သူများ စီးပွားဖြစ်ထွန်းစေရေး စနစ်တကျစီမံဆောင်ရွက်ပေးခြင်းဖြင့် ကဏ္ဍအလိုက်တိုးတက်ဖွံ့ဖြိုးလာအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက်ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများက ချေးငွေအသစ်ချထားပေးနိုင်ရေးတင်ပြလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းများနှင့် ဆီစက်၊ ဆန်စက်များအဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ပြည်နယ်ပြန်/ဆက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မော်လမြိုင်ခရိုင်ဘဏ်ခွဲက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး

မော်လမြိုင် မေ ၁၂

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မော်လမြိုင်ခရိုင်ဘဏ်ခွဲက ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်စီမံကိန်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာက ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ၍ စိုက်ပျိုးစရိတ်ချေးငွေနှင့် စားသောက်ဖွယ်ရာများကို တောင်သူများထံပေးအပ်သည်။

ထို့နောက် သားဖွားသင်တန်းကျောင်း (မော်လမြိုင်)၌ အမှတ်စဉ်(၆)အမျိုးသားကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်းအပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သူနာပြု-သားဖွားဒီပလိုမာသုံးနှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူများကို အမျိုးသားကုတ်အင်္ကျီနှင့် ဦးဆောင်း ချီးမြှင့်အပ်နှင်းပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique Identity(UID)ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

မိုင်းပန် မေ ၁၂

လင်းခေးခရိုင် မိုင်းပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ သွားရောက်အားပေးသည်။

ထို့နောက် မိုင်းတုံခရိုင် မိုင်းတုံမြို့ မြို့မအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကြဲပက်ခြင်း ကွင်းသရုပ်ပြသမှု၊ မိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique Identity(UID)ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ကြသည်။

ယင်းနောက်မိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုသာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒေသအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် အခါအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၂၉·c
ရန်ကုန်	၂၁·c	/	၃၂·c
မန္တလေး	၂၄·c	/	၃၁·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



❍ **စာမျက်နှာ ၁၂ မှအဆက်**

ပဲပုပ်ဆီကို အရည်အသွေးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့ပြန်လည်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

ပဲပုပ်စိုက်ပျိုးရန်အတွက် အထွက်နှုန်းကောင်းသောမျိုးကောင်းမျိုးသန့်များရရှိစိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများအဖြစ် မိုးရာသီတွင် စိုက်ပျိုးမည်ဆိုပါက တောင်ပေါ်မြေပြန့်ဒေသအားလုံးအတွက် ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁၊ ရေဆင်း ၁၂၊ ရေဆင်း ၁၄ နှင့် ရေဆင်း ၁၅ တို့မှာ သင့်တော်သောမျိုးများဖြစ်ပြီး မိုးနှောင်းရာသီ ကိုင်းကျွန်းမြေများတွင် အောက်တိုဘာလအတွင်း၌ စိုက်ပျိုးမည်ဆိုပါက ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့သည် သင့်တော်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုတေသနပြုဖော်ထုတ်ထားသည်ကိုတွေ့ရှိရသည်။ စပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် စိုက်ပျိုးသောဒေသများအတွက် ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့ကို စိုက်ပျိုးသင့်ကြောင်းလည်း အကြံပြုထားသည်ကို တွေ့ရှိရပါသည်။ သုတေသနပြုချက်များအရ အဆိုပါ ပဲပုပ်မျိုးများသည် မြန်မာနိုင်ငံအတွက် သုတေသနပြုထုတ်လုပ်ထားသည့် အထွက်တိုးမျိုးများဖြစ်ပြီး အထွက်နှုန်းတစ်ဧကလျှင် ၂၈ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်သော မျိုးများဖြစ်သည့်အတွက် တောင်သူဦးကြီးများအနေဖြင့် **မျိုး၊ မြေ၊ ရေ၊ နည်း** မှန်ကန်မှုတအောင် ဆောင်ရွက်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းကာ ဝင်ငွေတိုးမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။

ယခုအခါ ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများတွင် ဆီသန့်စင်စက်များပါတပ်ဆင်ပြီး ထုတ်လုပ်လာကြပြီဖြစ်သဖြင့် အဆင့်အတန်းမီ ပဲပုပ်ဆီများကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ဆီကို တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကာ ပြည်ပမှ ပဲပုပ်ဆီတင်သွင်းမှုကို မလွဲမသွေလျှော့ချနိုင်မည်ဖြစ်သဖြင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်လာနိုင်သော သီးနှံဖြစ်ပါသည်။ တိရစ္ဆာန်အစာအဖြစ် အသုံးပြုရသည့် ပဲပုပ်ကြိတ်ဖတ်ကို ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးစျေးကွက်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည့် သီးနှံလည်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ပြည်ပသွင်းကုန်အစားထိုးလျှော့ချနိုင်ခြင်း၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍကိုဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိရစ္ဆာန်မွေးမြူရေးကဏ္ဍကိုလည်း များစွာအထောက်အကူပြုခြင်းတို့ကြောင့် ဆီထွက်ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း **"ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ် စိုက်ပါစို့"**ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

နေပြည်တော် မေ ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁ (I - 1) သို့ ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက် (စနေနေ့) ထက်မစော၊ မေလ ၃၁ ရက် (တနင်္ဂနွေနေ့) ထက်နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသို့ ပြောကြားထားပြီးဖြစ်ပါသည်။

မြဝတီ

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ထုတ်ပြန်

နေပြည်တော် မေ ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် ဇွန်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁၉ (I -19) သို့ ၂၀၂၆ ခုနှစ် မေလ ၃၀ ရက် (စနေနေ့) ထက်မစော မေလ ၃၁ ရက်(တနင်္ဂနွေနေ့) ထက်နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့်လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသို့ ပြောကြားထားပြီးဖြစ်ပါသည်။

မြဝတီ

ဇမ္ဗူသီရိမြို့နယ် မြို့မဈေး၌ ဈေးများ မီးဘေးလုံခြုံရေးအသိပညာပေးစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

နေပြည်တော် မေ ၁၂

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ဈေးများမီးဘေးလုံခြုံရေးအသိပညာပေးစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ညနေပိုင်းက မြို့မဈေး၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ် မြို့မဈေး၌ ဈေးများမီးဘေးလုံခြုံရေးအသိပညာပေးစစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးပညာပေးလက်ကမ်းစာစောင်များအား သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ မြို့မဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်သူများကို ဖြန့်ဝေပေးခြင်းဖြစ်ပြီး လက်ကမ်းစာစောင်တွင် အရေးပေါ်ဆက်သွယ်ရန်ဖုန်းနံပါတ်၊ မီးကိုကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ၊ ဆိုလာမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးသတ်ယာဉ်များ အမြန်ဆုံးလာရောက် ငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ မီးဖိုအသုံးပြုလျှင်လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုပုံများ၊ မိသားစုအားလုံးအပြင်သွားလျှင် လိုက်နာဆောင်ရွက်ရမည့်အချက်များ စသည့်လိုက်နာဆောင်ရွက်ရမည့်အချက်များ ပါဝင်ကြောင်း သိရသည်။ (၄၀၂)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့များဖြန့်ဖြူးပေးအပ်



မုံရွာ မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံ(ချည်မျှင်ရှည်၀ါ၊ မတ်ပဲ၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့များဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့ နံနက်မိုင်းတွင်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ချည်မျှင်ရှည်၀ါ စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်တို့အတွင်းရှိ ကျေးရွာ ၄၇ ရွာမှ ဒေသခံတောင်သူ ၃၂၀ ဦးအတွက် မိုးသီးနှံ ချည်မျှင်ရှည်၀ါ၊ မတ်ပဲ၊ နေကြာမျိုးစေ့များ ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာနရုံး ဝန်ထမ်းများ၏ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းသရုပ်ပြမှု၊ ဇီဝမီးသွေးထုတ်လုပ်နည်း၊ စပါးခွံပေါင်းခံရည်ပြုလုပ်သုံးစွဲနည်းနှင့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းဆင်း

ဝမ်းတွင်း မေ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့်ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဆင်းပွဲကို ယမန်နေ့က ဝမ်းတွင်းမြို့နယ်မြေတိုင်ကန်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကာ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းကို ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းနှင့်ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြောင်းသိရသည်။

အောင်ရဲကျော်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၀၀	၄၆၉၀	၄၆၃၀	၄၅၂၀	၄၆၉၀	၄၇၀၅	၄၇၂၅	၄၆၀၀	၄၇၂၅	၅၀၇၀	၄၆၂၀	၄၈၁၅	၄၇၂၅	၄၆၀၀	၄၆၀၀	၄၈၉၀
95 Ron	၄၆၅၀	၄၈၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၉၀၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၅၅	၄၈၃၀	၄၈၃၀	၄၈၃၀	၅၀၄၀
HSD (500 ppm)	၅၀၄၀	၅၂၃၀	၅၁၀၀	၅၀၆၅	၅၂၃၀	၅၂၄၀	၅၂၉၀	၅၁၄၅	-	၅၅၉၅	၅၁၆၅	၅၂၆၅	၅၂၂၀	၅၂၂၀	၅၂၂၀	၅၄၂၀
HSD (50 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၁၇၀	၆၃၂၀	၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀
HSD (10 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၁၇၀		၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၆၉	၄၃၈၈
95 Ron	၄၄၁၃	၄၅၃၅
HSD (500 ppm)	၄၈၁၅	၄၉၄၁
HSD (50 ppm)	၅၇၈၉	၅၉၃၄
HSD (10 ppm)	၅၇၈၉	၅၉၃၄

ပုသိမ်သင်တန်းစခန်းများရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပုသိမ်မြို့၊ ပုသိမ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်လေ့ကျင့်သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပုသိမ်မြို့၊ ပုသိမ်သင်တန်းစခန်းရှိ ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်လေ့ကျင့်သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းအခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင်လေယာဉ်ပျံသန်းမှုဆိုင်ရာပညာရပ်များကိုနားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်နှင့် လူငယ်လူရွယ်များအား အခြေခံရေကူး၊ ရေတပ်သားပညာရပ်၊ အလံအချက်ပြ ဆက်သွယ်ရေးဘာသာရပ်နှင့် လေ့လော်ရွက်တိုက် ဘာသာရပ်များသိရှိနားလည်၍ ရေကြောင်းသွားလာမှုဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး အနာဂတ်မျိုးဆက်သစ်ရဂိုစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့်ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းများကို ဧပြီလ ၂၇ ရက်မှစတင်၍ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းအသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုအား မေလ ၁၁ ရက် မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်သင်တန်းစခန်း၌ တက်ရောက်သင်ကြားလေ့ကျင့်နေသော ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းသား၊ သင်တန်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး သင်တန်းသား၊ သင်တန်းသူများ သင်ကြားနေမှုများအား ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❖ **ကျောဖုံးမှအဆက်**


အခြားဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်လည်ပတ်ခဲ့ပြီး ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောသစ်ပင်၊ ရှားပါးမျိုးစိတ်၊ ငါး၊ ပုစွန် ပေါက်ပွားရာ ဒီရေရောက်သစ်တောနှင့် သန္ဓာကျောက်တန်းများ သဘာဝအတိုင်း တည်ရှိမှုကို သဘာဝဂေဟစနစ်ကို ချစ်မြတ်နိုးကြသည့် ဥရောပခရီးသွားများ လာရောက်လေ့လာအပန်းဖြေလည်ပတ်ခဲ့သည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ တစ်ရက်လျှင် ခရီးသွား ၄၀ ကျော်လက်ခံပြီး ပင်လယ်အစားအစာနှင့် သဘာဝသစ်သားအိမ်များဖြင့် ဝန်ဆောင်မှုပေးထားကာ ခရီးသွားဝင်ရောက်မှုများသည် ဒီဇင်ဘာလ၊ ဇန်နဝါရီလတွင် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၅၀ နှင့် ကျန်သောလများ၌ အမေရိကန်ဒေါ်လာ ၈၀၀ ဖြင့် ဝန်ဆောင်မှုပေးကြောင်း သိရသည်။

ခရီးသွားရာသီကာလ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ နိုဝင်ဘာလမှ ဧပြီလကုန်ပိုင်းအထိ ခရီးသွားများလည်ပတ်လေ့ရှိပြီး ပုံမှန်အားဖြင့် ဩဂုတ်လမှစ၍ ခရီးသွားလက်ခံလေ့ရှိသော်လည်း ယခုခရီးသွားရာသီ၌ ခရီးသွားပိုမိုဝင်ရောက်ခဲ့မှုကြောင့် လာမည့်ခရီးသွားရာသီကာလအတွက် ယခုမေလမှစကာ ကြိုတင်စာရင်းလက်ခံလျက်ရှိသည်။

“ကျွန်တော်တို့က ဝါးအလယ်ကျွန်းကို ဧည့်သည်အများကြီးလာဖို့ မမျှော်မှန်းထားပါဘူး။ ဘာကြောင့်လဲဆိုတော့ ဂေဟစနစ်ပျက်စီးသွားမှာစိုးလို့ပါ။ တစ်ရက်ကို ခရီးသွား ၄၀ နဲ့ ၅၀ ကြားပဲ လက်ခံပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံခြားသားခရီးသွားတွေကိုသဘာဝအလှ၊ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝအတိုင်းထိန်းသိမ်းထားရှိတဲ့ မိုးသစ်တော၊ ဒီရေတော၊ ဇီဝမျိုးစုံမျိုးကွဲ၊ တောရိုင်းတိရစ္ဆာန်နဲ့ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ရိုးရာယဉ်ကျေးမှုတို့ကို ပြသပါတယ်။ အထူးသဖြင့် ခရီးသွားများဟာ သဘာဝဂေဟစနစ်ကို ကြည့်ရှုခံစားချင်လို့ လာရောက်ကြတာဖြစ်တဲ့အတွက် သဘာဝကိုချစ်မြတ်နိုးတဲ့ခရီးသွားတွေကို ကျွန်တော်တို့က ပိုပြီးလေးစားတန်ဖိုးထားပါတယ်။ ဒီလကစပြီး လာမယ့်ခရီးသွားရာသီအတွက် ကြိုတင်စာရင်းလက်ခံနေပါပြီ။ သဘာဝအလှကြွယ်ဝတဲ့ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကကြိုဆိုနေပါတယ်”ဟု ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှအထွေထွေမန်နေဂျာဦးအောင်ဇင်လတ်ကပြောသည်။

လန်ပိကျွန်းကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ယခုခရီးသွားရာသီ၌ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ နိုင်ငံခြားသားခရီးသွားများလာရောက်အပန်းဖြေလည်ပတ်ရာတွင် ခရီးသွားအများဆုံးသည် ဂျာမနီနိုင်ငံမှဖြစ်၍ ဒုတိယအများဆုံးသည် ရုရှားနိုင်ငံမှဖြစ်ကာ တတိယသည် အမေရိကန်နိုင်ငံမှဖြစ်ကြောင်းသိရသည်။



ဓာတ်ပုံ - ကန်း၊ ညိမ်းသူ(သတင်းစဉ်)

မေလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

စဉ်	စခန်းအမည်	စံချိန်သစ်တင်သည့်ရက်စွဲ	အနိမ့်ဆုံးအပူချိန်စံချိန်သစ်		ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ	အနိမ့်ဆုံးအပူချိန်စံချိန်ဟောင်း		စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
			ဒီဂရီဆဲလ်စီးယက်	ဒီဂရီဖာရင်ဟိုက်		ဒီဂရီဆဲလ်စီးယက်	ဒီဂရီဖာရင်ဟိုက်	
၁။	ရမည်းသင်း	၁၂-၅-၂၀၂၆	၁၉.၀	၆၆.၂	၁၉-၅-၁၉၉၂	၁၉.၂	၆၆.၆	၆၂

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် မေ ၁၂

ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဧလ)

ထူးခြားသည့်နေ့အပူချိန်များ

၁၂-၅-၂၀၂၆

ကော့ကရိတ်	၃၈	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
မုံရွာ	၃၅	ဒသမ	၉	ဒီဂရီဆဲလ်စီးယက်
ဂန့်ဂေါ	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ချောက်	၃၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ဧရောင်းတူ	၃၅	ဒသမ	၁	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၄	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ပခုက္ကူ	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ဧလွန်	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ထားဝယ်	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ကော့သောင်း	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်



ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မန္တလေးမြို့မှ စတင်ထွက်ခွာစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မတ္တရာမြို့အား ဖြတ်သန်းထွက်ခွာစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ ထီးချိုင့်မြို့သို့ ရောက်ရှိစဉ်။



ကသာမြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

➢ **ရှေ့ဖုံးမှအဆက်**

သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်- မော်လူး- နန့်စီးအောင်- မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို မေလ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏မြောက်ပိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံ တစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်အထိဆက်သွယ်ထားသည့် မန္တလေး- မတ္တရာ-သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်- မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား အကြမ်းဖက်သောင်းကျန်းသူများက ယာယီစိုးမိုးပိတ်ဆို့ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ လုံလောက်စွာ မရရှိတော့ခြင်း၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်းများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောထုတ်လုပ်မှုတွင် အခက်အခဲများ ဖြစ်ပေါ်ကာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်ပစ္စည်းများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရသည်။

လက်ရှိတွင် အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်က အပြည့်အဝ ပြန်လည်သိမ်းပိုက်၍ တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပြီး အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး တို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသောလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းများ တင်ဆောင်ပြီး ကုန်သည်များလိုက်ပါလာသည့် မော်တော်ယာဉ်များ၊ ဒေသခံခရီးသွားယာဉ်များနှင့်အတူ မေလ ၉ ရက်တွင် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့၊ ကသာမြို့၊ အင်းတော်မြို့နှင့် မော်လူးမြို့တို့သို့ရောက်ရှိစဉ် အဆိုပါမြို့များရှိ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကလည်းကောင်း၊ ထိုမှတစ်ဆင့် မေလ ၁၂ ရက် ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်းကောင်း အိုးစည်ဒိုးပတ်များ၊ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်းသိရှိရသည်။



ခရီးသွားပြည်သူများ ပုံမှန်အတိုင်းသွားလာနေမှုကို တွေ့ရစဉ်။

မန္တလေး - မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိမြို့ရွာအသီးသီး၌လည်း နိုင်ငံတော်အစိုးရမှတာဝန်ရှိသူများနှင့်တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်များဖြင့် ပါရှိလာသည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့ရွာအသီးသီးရှိ ဒေသခံပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါမော်တော်ယာဉ်များနှင့်အတူပါရှိလာသည့် ကုန်သည်များသယ်ဆောင်လာသည့် လူသုံးကုန်ပစ္စည်းများအား လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများအတွင်း ပို့ဆောင်ရောင်းချနိုင်ခဲ့သဖြင့် ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်ခဲ့မှုများကို လျော့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါ လမ်းကြောင်းတစ်လျှောက်တွင်





ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မတ္တရာမြို့အားဖြတ်သန်းထွက်ခွာစဉ်။





အင်းတော်မြို့တွင်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

ခရီးသွားပြည်သူများ ပုံမှန်အတိုင်းသွားလာနေမှုကိုတွေ့ရစဉ်။

ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်းသိရသည်။

ယခုကဲ့သို့ မန္တလေး - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့လာပြီး လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများလည်း ပြန်လည်ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့၊ ရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဟု ဝမ်းမြောက်စွာ ရင်ဖွင့်ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

လမ်းတံတားဟူသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံများတွင်ပါဝင်ပြီး လမ်းတံတားများကောင်းမွန်မှသာ လူနှင့်ကုန်စည်များ သွားလာပို့ဆောင်မှုကို မြန်ဆန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့ပြင် လမ်းတံတားများသည် ကျေးလက်နှင့် မြို့ပြဒေသများကို ဆက်သွယ်ပေးနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီရရှိစေမည်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သဖြင့် လမ်းနှင့်တံတားများသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်သည့်အတွက် မြို့ ရွာများနှင့် လမ်းတံတားများကိုဖျက်ဆီးပြီး ပြည်သူများအား အနိုင်ကျင့်နှိပ်စက်သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ရွာအသီးသီးရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုသည် နိုင်ငံတော်၊ တပ်မတော်တို့နှင့်အတူ တစ်သားတည်းရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။

ဒေသခံပြည်သူများ၏ရင်တွင်းဖြစ်စကားသံများကိုလည်း ယခုလို ကြားသိရပါတယ်-

“ကျွန်မတို့ အခု ဒီလမ်းဖွင့်ပွဲအစီအစဉ်ကတော့ မြစ်ကြီးနားနဲ့မန္တလေး ဒီလမ်းကို မေလ ၆ ရက်နေ့မှာ ဖွင့်လှစ်လိုက်တယ်ဆိုတာ ကျွန်မတို့သိရပါတယ်။ အဲ့ဒီမေလ ၆ ရက်နေ့မှာ ဖွင့်လှစ်တဲ့လမ်းကတော့ နိုင်ငံတော်အကြီးအကဲများနဲ့ တပ်မတော်ဌာနဆိုင်ရာအကုန်လုံးပူးပေါင်းပြီးမှ ဒီလမ်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ ဒီလမ်းဖွင့်လှစ်ခဲ့တဲ့







အချိန်ကနေစပြီး ယာဉ်တန်းကြီးနဲ့ ဌာနဆိုင်ရာမှာတာဝန်ထမ်းဆောင်တဲ့၊ ဒေသအသီးသီးမှာတာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများလည်း ပါရှိလာတယ်။ ဒီယာဉ်တန်းကြီးနဲ့အတူ ပါလာတယ်။ စားနပ်ရိက္ခာ၊ ကုန်စည်တွေနဲ့ ထုတ်ကုန်လူသုံးကုန်ပစ္စည်းများလည်း ပါခဲ့တယ်ဆိုတာ ကျွန်မတို့ သိခဲ့ရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ရောင်နေကြတဲ့ ကိုယ့်ဒေသနဲ့ ရပ်ကျေးနဲ့ စွန့်ခွာပြီးနေတဲ့ လူတွေရော ဒီကျောင်းမဖွင့်ခင်မှာ ကိုယ့်ကလေးတွေ ပညာသင်ကြားဖို့အတွက်လည်း ကျွန်မတို့ကို နိုင်ငံတော်အစိုးရကလည်း ပံ့ပိုးထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ကိုယ့်နေရာနဲ့ကိုယ်ပြန်သွားပြီးတော့ အချိန်မီကလေးတွေကိုလည်း ကျောင်းအပ်နိုင်ရန်အတွက် ကျွန်မတို့စီစဉ်ထားပါတယ်။ ဒါကို ကျွန်မတို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်အိုးကိုယ့်အိမ်ကို ကိုယ့်ဒေသကို ပြန်လည်ရောက်ရှိညွှားအောင် ကိုယ့်ဟာကိုယ် သွားပြီးမှ ကလေးတွေ ပညာရေးအတွက်ကိုလည်း နောက်မကျအောင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်စီစဉ်ပေးနေတယ်ဆိုတာလည်း ကျွန်မတို့သိရတယ်။ အဲ့တာကြောင့်မို့လို့ ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်ဒေသကို ပြန်သွားဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ဒီနေ့ကျတော့ ကျွန်မတို့ မြစ်ကြီးနားမှာ ရောက်ရှိလာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကုန်စည်စီးဆင်းမှုကလည်း ကျွန်မတို့ဒီလမ်း ပွင့်သွားတဲ့အတွက်ကြောင့်မို့လို့ ကုန်စည်စီးဆင်းမှုတွေကလည်း ကုန်ဈေးနှုန်းတွေ ပုံမှန်ကျဆင်းလာပြီးမှ ကျွန်မတို့ခရီးသွားလာရေးလှုပ်ရှားမှုကလည်း ပုံမှန်အတိုင်း သွားလာလို့ရတဲ့အတွက်ကြောင့် မို့လို့ ကျွန်မတို့ပြည်သူအနေနဲ့လည်း အထူးပဲ ဝမ်းမြောက်ပါတယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ အထူးကျေးဇူးတင်ပါတယ်” ဟုပြောသည်။

“အခုလို ယာဉ်တန်းတွေဝင်လာတဲ့အတွက်ကြောင့်မို့ ကုန်စည်ပစ္စည်းတွေလည်း သက်သာလာတော့မှာပါ။ ပြီးရင် အဘက်ဘက်ကလည်း အားလုံးအဆင်ပြေလာတော့မှာပါ။ ဒီယာဉ်တန်းတွေမှာ ဝန်ထမ်းတွေလည်း ပါလာတာသိရပါတယ်။ ဒီထဲမှာ ကျောင်းသုံးပစ္စည်းတွေလည်း ပါလာမှာဖြစ်တယ်လို့သိရပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့ ကျောင်းဖွင့်ရာသီလည်း ရောက်တော့မှာဖြစ်တဲ့အတွက်ကြောင့်မို့ မိဘပြည်သူတွေအနေနဲ့လည်း ကိုယ့်သားသမီးတွေ ပညာတတ်မြောက်နိုင်ရေးအတွက်ကျောင်းထားကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်”ဟုပြောသည်။

“လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားတဲ့အတွက်ကြောင့်မို့ အနယ်နယ်အရပ်ရပ်မှာရှိကြတဲ့ ကျောင်းသားတွေဟာဆိုရင် ကိုယ့်ရွာကိုပြန်ပြီးတော့ အခုလိုမျိုးကျောင်းတက်ခွင့်ရတဲ့အတွက် ကျွန်မဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်အိမ်ကိုယ့်ပြည်ကို စွန့်ခွာသွားကြတဲ့သူတွေလည်း အခုကျောင်းဖွင့်ရာသီရောက်လာသည့်နည်းတူ အတူတကွကျောင်းလာအပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မလိုမျိုး ကျောင်းသား၊ ကျောင်းသူတွေလည်း ကျောင်းမှာပြန်အပ်နှံဖို့ ကျွန်မတိုက်တွန်းလိုပါတယ်” ဟုပြောကြားခဲ့ကြောင်း သိရသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Convoys carrying departmental personnel and goods to restore government administrative machinery arrive in towns along the Mandalay-Myitkyina Road; Local residents warmly welcome the arrivals



Cars carrying departmental personnel and goods arrive in Htigyaint.



Local people accord a rousing welcome to departmental personnel who will serve duties in Katha.



Local people accord a rousing welcome to departmental personnel who will serve duties in Indaw.



Local people in Myitkyina accord a rousing welcome to cars carrying departmental personnel and goods.

NAY PYI TAW May 12

The Tatmadaw, with public participation, is launching counter-terrorism operations in areas previously held by insurgents. They are recapturing towns and villages step-by-step to ensure regional peace. On May 6, the Tatmadaw fully regained control of and reopened the entire Mandalay-Madaya-Thabeikkyin-Tagaung-Htigyaint-Katha-Indaw-Mawlu-Nantsiaung-Monyin-Mogaung-Myitkyina Road, a vital transport link for the public.

This road, which links the Mandalay Region with the Sagaing Region and Kachin State, is critical infrastructure for northern Myanmar's development. While it was under insurgent control, local residents suffered socio-economic hardships. Difficulties in transporting commodities led to scarcities of food, household appliances, medicines, and emergency supplies. Furthermore, the extortion of freighters caused a spike in commodity prices and interrupted raw material supplies, leaving markets empty.

Now that the Tatmadaw has regained control of the route,

See Page - 21►►



Cars carrying departmental personnel and goods pass through Madaya.



Cars carrying departmental personnel and goods pass through Madaya.



A convoy of various types of cars start their journey from Mandalay.

Farmers harvest all sown acreage of chickpea in Indaw Township

INDAW May 12

Local farmers reaped all sown acreage of chickpea plantations in Indaw Township of Sagaing Region, according to the township Agriculture Department.

They planted 1,720 acres of chickpea as cold season crops in Indaw Township. Starting from January this year, they harvested chickpea plantations, and so far they have harvested all plantations of crops, yielding more than 16 baskets per acre.


In Indaw Township, during the winter cropping season, a total of 1,720 acres of chickpea were cultivated to increase the production of pulses and ensure food security. At present, all of the cultivated chickpea fields have been fully harvested.

"Chickpea is a crop with strong domestic demand, so it has a reliable market, and farmers who cultivate it are doing well," said U Thein Khine, Head of the Township Department of Agriculture in Indaw.

In Indaw Township, the Township Department of Agriculture has provided awareness and technical support to chickpea farmers, including improving yields, ensuring access to regionally suitable quality seeds, promoting correct cultivation methods, preventing pest infestations, and encouraging the systematic use of fertilizers.

It is also reported that during this year's winter cropping season, in cultivating various pulse crops, the respective Township Department of Agriculture has worked in collaboration with farmers to provide necessary high-quality seeds, agricultural inputs, and post-harvest technologies to ensure better yield and crop quality.

SMK



Kalay Township finishes harvest of green gram plantations

KALAY May 12

Local farmers have reaped all plantations of green gram in Kalay Township of Sagaing Region, according to the statistics of Township Agriculture Department.

They planted 9,190 acres of green gram as cold season crops. They started harvesting in January this year, and so far, they have harvested all plantations of crops, yielding 18.08 baskets per acre.

Daw Marn Ewl, the Head of the Township Agriculture Department, explained: "Local farmers planted 9,190 acres of green gram. Now, they have reaped all sown acreage of crops. Number of sown acreage of crops is on the rise yearly. We advise them to expand sown acreage of crops and use quality strains of seeds."

Officials of the township Agriculture Department helped local farmers gather quality seeds of crops suitable for the region, apply correct agricultural techniques, prevent pests and systematically feed fertilizers at the plantations so as to increase per-acre yield of crops.

Moreover, they cooperate with local farmers in distributing quality seeds, agricultural inputs and post-harvest technology for increasing the production of crops this year.

SK

Labutta Township dispatches 65,000 viss of blood clams to Yangon market



LABUTTA May 12

"Merchants from Labutta Township in Ayeyawady Region sent 65,000 viss of blood clams to Yangon market", said Daw Wai Wai, the owner of seafood trading depot in Labutta Township.

In Labutta Township, locally produced seafood is being exported to the Yangon market. About 65,000 viss of blood clams were exported. The exported blood clams were priced at up to Ks-165,000 per 10 viss, according to reports.

"Within a month, exports of blood clams to Yangon were strong. Local seafood products are mainly shipped to the Yangon market. There is currently high domestic demand for blood clams. Over the past month alone, we exported about 65,000 viss of sea-caught blood clams. At present, buyers from Yangon are actively purchasing blood clams as well as other local seafood products," said Daw Wai Wai.

As seafood exports, including blood clams, from Labutta Township to the Yangon market have increased, fishermen, cargo handlers, and traders are benefiting. In addition to blood clams, other seafood and agricultural products from the area are being exported to the Yangon market.

SMK

Chaung-U Township locals harvest 25,520 acres of winter chickpeas

CHAUNGU May 12

A total of 25,520 acres of chickpeas planted during the winter cropping season have been harvested in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

In the township, chickpeas were cultivated on 28,647 acres during the winter season, with harvesting starting in January. To date, 25,520 acres have been harvested, with an average yield of 20.72 baskets per acre.

"Chickpea cultivation has been improving year by year. We are working with farmers to provide quality seeds, suitable crop varieties, necessary inputs, and post-harvest technologies to enhance both yield and quality," said U Tint Swe, head of the Department of Agriculture for ChaungU Township.

In ChaungU Township, locally suitable and high-yield chickpea varieties such as Ye Sin 8 and Ye Sin 11 are widely grown. The cost of cultivating chickpeas is over Ks-300,000 per acre.

Sagaing Region is the largest chickpea-growing area in the country. As chickpeas can be cultivated both as a main crop and as an intercropping option, farmers are increasingly growing them as an income-generating crop.

SK

Pathein Township sees booming trade of cowbean trading at domestic market

PATHEIN May 12

"Trading of cowbean is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Myint Kyi, the owner of pulses and beans trading depot in Pathein Township.

In Pathein Township, demand for cowbeans has been rising since the second week of March this year up to the present, resulting in strong trading activity. Weekly sales have reached between 500 and 1,500 bags containing 16 pyi each.

"Compared to before, butter beans are being traded much more actively. The improvement in both domestic and international consumption has led to better market activity. The beans currently being traded are leftover stocks from the winter season. As trading has improved, more job opportunities are also being created for those involved in the bean industry," said Daw Myint Kyi.

In Pathein Township, butter beans and other pulses are systematically cleaned and exported to purchasing regions. The current market price for butter beans has reached up to Ks-172,000 per bag.

SK

BRICS outshines G7 with 'significant potential' still untapped, Russia's Finance Chief notes





MOSCOW May 12

The BRICS economy — which already surpasses the G7 — has significant potential, Russian Finance Minister Anton Siluanov told Sputnik ahead of the New Development Bank's Board of Governors meeting.

"The BRICS countries and other shareholders of the New Development Bank have significant economic potential. The association accounts for more than half of the world's population, and its economy already surpasses the G7," Siluanov said. **Sputnik**

Cambodian King congratulates Putin on 70th Anniversary of diplomatic ties

MOSCOW May 12

Cambodian King Norodom Sihamoni has congratulated Russian President Vladimir Putin on the 70th Anniversary of the establishment of diplomatic relations between the two countries and expressed confidence in continued cooperation, the Cambodian Ministry of Information has said.

"The relationship between the Kingdom of Cambodia and the Russian Federation has endured for seven decades, during which Cambodia has remained grateful for the extensive support and assistance extended by Russia," the ministry quoted the king as saying in a message on Monday.

The Cambodian monarch emphasized that cooperation between Russia and Cambodia had consistently remained mutually beneficial over the years, continuing to expand across various fields. This progress in relations is underpinned by enduring political trust, mutual support and shared understanding between the two countries, Sihamoni added.

The king expressed confidence that friendship and cooperation between Cambodia and Russia will continue to deepen and strengthen in the coming years for the benefit of the two peoples. In closing his message, he wished happiness and prosperity to Putin and the friendly people of Russia.

Diplomatic ties between the Soviet Union and Cambodia were established on May 13, 1956. In December 1991, Russia was recognized as the successor state to the USSR. **Sputnik**

Strait of Hormuz crisis cripples Indonesian fishing industry

JAKARTA May 12

A surge in global oil prices linked to energy supply disruptions caused by the closure of the Strait of Hormuz, amid the US-Israel war on Iran, has nearly doubled diesel costs for Indonesian fishermen. The spike has forced much of the country's fishing fleet to remain docked according to a report by RT's Indra Mapong.

The impact of the war in Iran is now being felt thousands of kilometers away in Indonesia, where soaring fuel prices have left much of the country's fishing fleet stranded in port. Fishermen in Jakarta told RT, on Tuesday, that many larger vessels can no longer afford to operate. Boats, that would normally spend weeks at sea, now remain docked for months while crews lose their main source of income.

"Mostly it is disrupted, sir, from the income, which usually comes every three months or four months," one fisherman told RT. Fishermen said they now need to catch at least 700 million rupiah (US$-40,000) worth of squid just to break even on operating costs. Crews added that even subsidized diesel for smaller boats had become scarce, while prices had nearly doubled.

Hundreds of fishermen protested in Central Java earlier this month demanding lower diesel prices, according to media reports. Governor Ahmad Luthfi warned that rising fuel costs could disrupt fish supplies and push up inflation.

In response to the fuel crisis, Indonesian President Prabowo Subianto traveled to Moscow last month for talks with Russian President Vladimir Putin, securing a deal for up to 150 million barrels of discounted Russian oil. Energy Minister BahlilLahadalia said on Monday that the first shipments could arrive within one to two weeks with contracts already signed. **RT**

Israeli strikes kill 16, including paramedics, across southern Lebanon



BEIRUT May 12

At least 16 people were killed and 14 others wounded in Israeli strikes across southern Lebanon overnight and into Tuesday, according to Lebanese security and medical sources.

An overnight airstrike on a house in the village of Kfardounine killed six and wounded seven, local sources said.

Lebanon's Public Health Emergency Operations Center said that a strike targeting a civil defence team in the city of Nabatieh killed two paramedics and wounded a female medic while they were trying to rescue an injured person who later died.

In a statement, Lebanon's Public Health Ministry called the attack "additional evidence of Israel's violation of international humanitarian law and disregard for international norms."

In a separate incident, a drone strike on a vehicle in the town square of Doueir killed three residents who were transporting a wounded person injured in an earlier strike to a hospital, according to local sources.

Another drone strike on a motorcycle near Tyre killed a Syrian national and wounded his wife, Lebanon's National News Agency reported.

Strikes on the town of Jibchit killed three more and wounded four others, said local sources.

The ministry said that the total death toll from Israeli attacks in Lebanon since March 2 has risen to 2,882, with 8,768 injured as of May 12.

In the village of Deir Mimas, Lebanese sources reported that an Israeli force infiltrated overnight and planted explosives at a solar-powered water pumping station. The facility was detonated in the morning, causing extensive damage.

Israeli forces also blew up multiple houses in the city of BintJbeil, according to Lebanese security sources.

In response, Hezbollah said that it launched rockets and drones targeting Israeli soldiers near the border.

The violence came despite a ceasefire agreement between Israel and Lebanon that took effect at midnight between April 16 and 17, following weeks of intensified cross-border fighting linked to the wider regional conflict involving Iran. **Xinhua**

Four died, 26 injured in W. Nepal bus accident

KATHMANDU May 12

Four people died while 26 others were injured on Tuesday after a bus carrying pilgrims met with an accident in Arghakhanchi District in western Nepal, a police officer said.

The bus, carrying 30 people returning from a local temple, veered about 100 meters off the highway, leading to the fatal accident. "Two people died on the spot while two others succumbed to injuries at a hospital," Jhalak Prasad Sharma, spokesperson at the district police, told Xinhua.

The injured are receiving treatment at local hospitals, with some in serious condition, Sharma said. Police are conducting a mechanical inspection of the bus to determine the cause of the accident. **Xinhua**

▸▸From Page - 18

columns are clearing obstacles using both manpower and machinery. In coordination with relevant ministries, military engineers are repairing road sections and bridges destroyed by terrorists to facilitate smooth public transport.

Coordinated by the government and the Tatmadaw, depart mental staff left Mandalay on May 9. The convoy included trucks carrying essential foodstuffs, personal items, construction materials, medical equipment, school textbooks, fuel, and other goods, alongside passenger cars for traders and locals. These personnel will help restore administrative machinery, provide for the basic needs of returning residents, and ensure that school supplies and medicines reach towns and villages along the road before the upcoming school season. They also carried medicines for healthcare undertakings, and other necessary items for towns and villages all along the road.

When departmental staff arrived in Htigyaint, Katha, Indaw and Mawlu together with convoys of goods, officials and residents of the towns greeted them and then when they continued to Myitkyina in Kachin State on 12 May, Kachin State Chief Minister U Khet Htein Nan, Commander of Northern Command Maj-Gen Aung Zaw Htwe, officials and local residents welcomed them with traditional drum troupes, sprigs of Eugenia and garlands gratefully.

Plans are underway to energetically carry out rehabilitation tasks such as providing security and necessary support and reopening offices which are administrative mechanisms of the government, schools to enable children to study and hospitals for public healthcare in towns and villages along Mandalay-Myitkyina Road. Foodstuffs and consumer products carried in trucks will be distributed to local residents by different levels of officials in the towns and villages. Moreover, goods of merchants transported by convoys could be sold in the towns and villages, reducing the high prices of goods in the region and transportation of goods and traffic in the areas have returned to normal.

Reopening of communication routes will facilitate transportation and trade of local residents and socio-economic development will be achieved. Local residents are glad that they will be able to enjoy the benefits of stability and healthcare and education opportunities for children, promising they would cooperate with the government and the Tatmadaw in rehabilitation tasks of towns and villages which suffered general destruction and losses due to violent acts of terrorists.

Roads and bridges are very important infrastructures for the country and only when they are in good condition, will the transportation of people and goods be facilitated, contributing to economic development. Moreover, as roads and bridges can connect urban and rural areas, education, health and other social services will be available in real time and as they play an important role in emergency rescue and national security and have a direct impacts on development of a country, terrorist insurgents, who have destroyed roads and bridges and bullied and tortured them, have been loathed by the entire people, who will be united with the government and the Tatmadaw in rehabilitation and reconstruction tasks of the towns and villages for the development of the country.

(Their voices are published below.)



1: We have learned that this Myitkyina-Mandalay road was officially opened on May 6. It is understood that the road was inaugurated through the collaboration of State leaders, the Tatmadaw, and all relevant government departments. Since the opening, a large convoy has arrived, including staff members serving in various regions across different departments. Along with this convoy, food supplies, consumer goods, and various products were also brought in. For those who have left their regions and villages for various reasons, the State Government is providing support to ensure children can pursue their education before schools reopen. Therefore, we are making arrangements so that people can return to their homes in time to enroll their children in school. I would like to encourage everyone to return to their respective regions and homes so that your children's education remains on track and proceeds smoothly. We are here today to welcome the convoy upon its arrival in Myitkyina. I would also like to express that, as a citizen, I am extremely pleased that the reopening of this road will allow for the regular flow of goods, leading to a stabilization and decrease in commodity prices. Furthermore, since travel and transportation can now return to normal, we are very grateful. Thank you very much.



Cars carrying departmental personnel and goods pass through Madaya.



2. As the convoys have arrived, goods will be cheaper and everything will be convenient. It was learnt that government employees joined the convoys. It was also learnt that school stationery was also on the convoys. Therefore, as the academic year is going to begin, I would like to urge all to send their children to school so that they are educated.



3. I am glad that students from different areas will be able to return to their areas and to go to school since transportation has been facilitated. I would like to urge those who were displaced by various reasons to enroll for school admission at the beginning of the academic year. I would like to urge students like me to enroll at schools.

100

Kawlin District completes harvest of all winter sesame acres

KAWLIN May 12

All of the sesame planted in Kawlin District, Sagaing Region in this winter crops planting season has been harvested, according to the Department of Agriculture for Kawlin District.

Kawlin District planted 28,192 acres of sesame during the winter cropping season, with harvesting beginning in January this year. As of now, 14,055 acres have been harvested in Kawlin Township, 9,005 acres in Wuntho Township, and 5,132 acres in Pinlebu Township, totalling 28,192 acres, with an average yield of 11.73 baskets per acre.

"Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful situation," said U Win Thein, head of Department of Agriculture for Kawlin District.

SMK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဘက်စုံအသုံးဝင်ဝါးပင်နှင့် မြန်မာ့စီးပွားရေးဝါးထုတ်ကုန်

ကိုကျော်စွာ(ကျိုက်ပိ)





ဝါးပင်သည် မြန်မာလူမျိုးတို့အသုံးများသောအပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဟုသိရသည်။ ဝါးကိုရှေးယခင်ကတည်းက ယနေ့အချိန်အထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကိုလူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ်လည်းကောင်း၊ ဝါးလက်မှုထုတ်ကုန်များအဖြစ်လည်းကောင်း ပြုလုပ်အသုံးပြုနေကြသည်။ ကမ္ဘာပေါ်တွင် ဝါးပင်သည် ရှိသောဝါး၊ (၂) အစုလိုက် သို့မဟုတ် အုပ်စုလိုက်ပေါက်လေ့ရှိသောဝါး၊ (၃) အထက်ပါအုပ်စုနှစ်စုရောနှော ပေါက်သောဝါး (စကဝါး) တို့ဖြစ်သည်။ ဝါးပင်သည် စုစုရုံးရုံးပေါက်ရောက်လေ့ရှိသည့်သဘာဝကြောင့် စည်းရုံးခြင်းသဘောကိုဆောင်သည်။ ဝါးပင်သည် အတွာကင်းသောသဘောသဘာဝလည်းရှိပေသည်။ အကြောင်းမှာ ဝါးပင်ပေါက်ရောက်သော ပတ်ဝန်းကျင်တွင် အခြားသောအပင်များကိုလည်း ရှင်သန်ပေါက်ရောက်ခွင့်ပေးသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင် အများဆုံး အရေးပါသောအပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးပင်သည်အဓိကစိုက်ပျိုးသင့်သော အပင်တစ်မျိုးပင်ဖြစ်သည်။

“ဝါးပင်သည် ဂေဟဗေဒစနစ်ဖြင့် ကိုက်ညီသည့်အချက်များရှိ၊ လျင်မြန်စွာကြီးထွားခြင်း၊ ထွက်ရှိနှုန်းများခြင်း၊ ဝါးနှင့်ပတ်သက်သောအသက်မွေးမှုရှိခြင်း၊ မြေဆီလွှာကို ကာကွယ်ပေးခြင်း၊ လေထုကိုသန့်စင်ပေးခြင်း စသည်တို့ဖြစ်. . .”

ဝါးမျိုးစိတ်နှင့်ဝါးပင်၏သဘာဝ

ဝါးကို မြန်မာအဘိဓာန်တွင် အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်ပြီး ပင်စည်ကိုစိတ်ဖြာ၍ ထရံ၊ တောင်းစသည့် ရက်လုပ်ရသောအပင်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါးသည် မြက်မျိုးရင်းဝင်ဖြစ်သည်။ မြက်အမျိုးပေါင်း ၄၂၀ ရှိသည့်အနက် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်ကြောင်းသိရသည်။ မျိုးစဉ်မှာ Poales ဖြစ်ပြီး မျိုးရင်းမှာ Poaceae ဖြစ်သည်။ အင်္ဂလိပ်အမည်အားဖြင့် Bamboo ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Bambusa Vulgaris/ Phyllostachys edulis ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ် ၁၂၀၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၀ ကျော်ခန့် အလေ့ကျပေါက်ရောက်ရှင်သန်ကြသည်။ ထိုမျိုးစိတ်များအနက်မှ မြန်မာနိုင်ငံတွင် ဝါးမျိုး ၂၀ မျိုးပေါက်ရောက်ရှင်သန်ကြသည်။ ဝါးပေါက်ရောက်ပုံသဘာဝကိုအကြမ်းအားဖြင့်သုံးမျိုးခွဲခြားနိုင်သည်။ (၁) တစ်ပင်ချပေါက်ရောက်လေ့ရှိသောဝါး၊ (၂) အစုလိုက် သို့မဟုတ် အုပ်စုလိုက်ပေါက်လေ့ရှိသောဝါး၊ (၃) အထက်ပါအုပ်စုနှစ်စုရောနှော ပေါက်သောဝါး (စကဝါး) တို့ဖြစ်သည်။ ဝါးပင်သည် စုစုရုံးရုံးပေါက်ရောက်လေ့ရှိသည့်သဘာဝကြောင့် စည်းရုံးခြင်းသဘောကိုဆောင်သည်။ ဝါးပင်သည် အတွာကင်းသောသဘောသဘာဝလည်းရှိပေသည်။ အကြောင်းမှာ ဝါးပင်ပေါက်ရောက်သော ပတ်ဝန်းကျင်တွင် အခြားသောအပင်များကိုလည်း ရှင်သန်ပေါက်ရောက်ခွင့်ပေးသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင် အများဆုံး ရှင်သန်ပေါက်ရောက်ကြသည်။ ရာသီဥတုအနေဖြင့် အပူချိန် ၁၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့်မိုးရေချိန်အနေဖြင့် ၃၁ လက်မမှ ၂၅၄ လက်မအတွင်း ဖြစ်ထွန်းပြီး ရေမဝပ်သောမြေမျိုးနှင့် ဆားငန်ရေဝင်သောမြေမှလွဲ၍ အခြားမြေမျိုးများတွင် ရှင်သန်ပေါက်ကြသည်။ ဝါးသည်စုစုရုံးရုံးပေါက်ရောက်ကြသဖြင့် အပင်ရှုပ်ပြီး အပင်ကျပ်သည့်သဘောရှိသည်။ ထို့ကြောင့်ဝါးခုတ်ရာတွင် မလွယ်ကူပေ။ ပင်စည်တစ်ဝက်ကျော်ကျော်မှစ၍ အတက်အရွက်ထွက်သည်။ အပင်အမြင့် ပေ ၈၀ မှ ၉၀ အထိရှိတတ်သည်။ အပင်လုံးပတ်မှာ ၉ လက်မခန့်မှ ၁ ပေအထိရှိတတ်သည်။ ထိုလုံးပတ်သည် ဝါးပိုးဝါးလိုဝါးမျိုးဖြစ်နိုင်သည်။ ဝါးပိုးဝါးသည် အလုံးကြီးသောကြောင့်ဖြစ်သည်။ ဝါးအဆစ်မှာ ၁၂ လက်မမှ လက်မ ၃၀ ခန့်အထိရှိတတ်ကြောင်း သိရသည်။ ဝါးပင်၏အသားသည် အရင်းပိုင်းအသားထူပြီး အဖျားပိုင်းက အသားပါးသည်။ ဝါးပင်သည် တစ်နေ့ ၁ မီတာအထိရှည်သည်ဟု သိရသည်။

ဝါးအမည်များ

အထက်ဖော်ပြပါဝါးမျိုးစိတ်များအနက် ဝါးအမျိုးအမည် များကိုဖော်ပြပါမည်။ ယင်းတို့မှာ-ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ ကြလို့ဝါး၊ တင်းဝါး၊ ခရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးရိုးဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ တင်းလယ်မဲ၊ ကြခတ်မ၊ ဝါးမင်း၊ ခဲလံဝါး၊ ဝါးဖယောင်း၊ ဝီလောပီနံဝါး၊ ရေဝါး၊ လစ်ဝါး၊ ဝါးကုပ်၊ ဝါးဖြူကလေး၊ ငနက်ရှော၊ ဝါးကြီး၊ ဝါးထွန်၊ ဝါးဘိုးအေ၊ ဝါးပြောက် (တနင်္သာရီဒေသတွင်ပေါက်သည်)၊ ဝါးသပွတ်၊ ကရင်ဝါး စသည်တို့ဖြစ်သည်။ ဖော်ပြပါဝါးများသည် အမည်မတူသည့် အမည်များကိုဖော်ပြထားခြင်းဖြစ်သည်။ သို့သော်ဒေသအခေါ်အရ အမည်မတူသော်လည်း ဝါးအမျိုးတူသည်များလည်း ရှိနိုင်သည်။ စာရေးသူအနေဖြင့် အမည်မတူသည်ကိုသာ အဓိကဖော်ပြထားခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့်ဝါးပင်

ဝါးပင်သည် သဘာဝပတ်ဝန်းကျင်ကို များစွာ အကျိုးပြုသည်။ လေထုကို ညစ်ညမ်းစေသည့်ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး သက်ရှိတို့အတွက် အောက်ဆီဂျင်ကိုပြန်လည်ထုတ်လွှတ်ပေးသည်။ ပတ်ဝန်းကျင် အစိုဓာတ်ရှိနေချိန်တွင် ထိုအစိုဓာတ်ကိုစုပ်ယူထားပြီး ပတ်ဝန်းကျင်ခြောက်သွေ့နေချိန်တွင် စုပ်ယူထားသော အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ရေမှုန်လေးများကိုထုတ်ပေးကြောင်းလည်းသိရသည်။ ဝါး ၂ ဒသမ ၄၇၁ ကေရှိသောဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကာဗွန် ၆၂ တန်အထိ နှစ်စဉ်စုပ်ယူပေးနိုင်သည်။ တချို့က ၁၂ တန်ဟုဆိုကြသည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည်ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသော အပင် ၂ ဒသမ ၄၇၁ ကေသည် နှစ်စဉ်ကာဗွန် ၁၅ တန်ခန့်သာ စုပ်ယူနိုင်သည်။ ဤကား ဝါးပင်နှင့်အခြားအပင်တို့၏ ကွာခြားချက်ဖြစ်သည်။ ထို့ပြင် ဝါးပင်၏ အမြစ်ဖွဲ့စည်းမှုသည် အခြားအပင်များနှင့်မတူ အမြစ်ကျစ်လျစ်သည်။ ထို့ကြောင့် မြေဆီလွှာကို ရေတိုက်စားမှုမှ ကာကွယ်ပေးသည်။ ဝါးပင်သည် အစိုဓာတ်ကိုထုတ်လွှတ်ပေးသလို ရာသီဥတုပူနွေးမှုကိုလည်းလျှော့ချပေးနိုင်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုများသောကြောင့်ဖြစ်သည်။ ထို့ကြောင့်သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးသည့်ဝါးပင်ကို တိုးချဲ့စိုက်ပျိုးသင့်သလို ဝါးပင်များကိုလည်း ထိန်းသိမ်းပေးသင့်သည်။ ထိုကဲ့သို့ အရေးပါသော ဝါးပင်ကို လေးစားပြီး ဂရုပြုသည့်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၁၈ ရက်နေ့ကို “ကမ္ဘာ့ဝါးပင်များနေ့” အဖြစ်သတ်မှတ်ထားကြသည်။ ထို့ပြင် ဝါးပင်သည်ဂေဟဗေဒစနစ်ဖြင့် ကိုက်ညီသည့်အချက်များရှိသည်။ လျင်မြန်စွာကြီးထွားခြင်း၊ ထွက်ရှိနှုန်းများခြင်း၊ ဝါးနှင့်ပတ်သက်သောအသက်မွေးမှုရှိခြင်း၊ မြေဆီလွှာကိုကာကွယ်ပေးခြင်း၊ လေထုကိုသန့်စင်ပေးခြင်း စသည်တို့ဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုးသင့်သော မြန်မာတို့၏ဝါး

ဝါးကိုယခုအခါ စနစ်တကျစိုက်ပျိုးလာကြသည်။ ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့် **စာမျက်နှာ ၂၃ သို့➤**









ဝါးအခြေခံထုတ်ကုန်များ

“ယင်ကျေးမှုနှင့်ဝါးသည် ဆက်စပ်မှုရှိ၊ လူတို့သည် ရှေးကသားစိမ်းငါးစိမ်းများကိုသာစားခဲ့ကြ၊ ထို့နောက် ဝါးပင်အချင်းချင်းပွတ်တိုက်ရာမှစ၍ မီးကိုတွေ့ရှိခဲ့ပြီးနောက် သားစိမ်းငါးစိမ်းများကို မီးဖုတ်၊ မီးကင်၍ စားသုံးသည့်ယဉ်ကျေးမှုပေါ်ပေါက်လာခဲ့ . . .”

➤ စာမျက်နှာ ၂၂ မှအဆက်

အစေ့မှလည်း မျိုးပွားယူကြသည်ဟုသိရသည်။ စီးပွားဖြစ်ဝါးစိုက်ပျိုးမည်ဆိုပါက ဝါးပင်ကြိုက်နှစ်သက်သော မြေ၊ရာသီဥတု အပြင် သင့်လျော်သော ဝါးမျိုးစိတ်ကို ရွေးချယ်စိုက်ပျိုးဖို့လည်း လိုပါသည်။ ဝါးစိုက်ပျိုးမည့်မြေကိုရွေးချယ်မည်ဆိုပါက ဝါးစိုက်မြေကို လမ်းပန်းဆက်သွယ်ရေး ကောင်းသည့်မြေနေရာမျိုးကိုရွေးချယ်ဖို့ လိုသည်။ ဝါးထုတ်ကုန်များထုတ်လုပ်သည့်နေရာနှင့်နီးသောနေရာမျိုးကိုလည်း ရွေးချယ်စိုက်ပျိုးသင့်သည်။ ထိုအခါ သယ်ယူစရိတ်သက်သာမည်ဖြစ်သည်။ ဝါးကိုအများအားဖြင့်တော့ အမြစ်ဆုံမှ မျိုးပွားစိုက်ပျိုးနည်းနှင့် အဆစ်မှမျိုးပွား စိုက်ပျိုးနည်းဟူ၍ နှစ်မျိုးရှိသည်။ စာရေးသူတို့ဒေသဘက်မှာတော့ အဆစ်မှ မျိုးပွားစိုက်ပျိုးလေ့ရှိကြသည်။ ဝါးကို စီးပွားဖြစ် သီးသန့်စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြားစိုက်ပျိုးရသည်။ ဝါးပင်သည် တဖြည်းဖြည်းအုံလိုက် ကျင်းလိုက် ပြန့်ပွားလာသောကြောင့်ဖြစ်သည်။ မျှစ်ဝါးဆိုလျှင် ဝါးတစ်ရုံတွင် အပင်ခြောက်ပင်ခန့်သာ ထားရမည်။ ယခုအခါ စာရေးသူတို့ဒေသဘက်တွင် ဝါးနက်ဝါးတစ်လုံးကို ၂၀၀၀ - ၃၀၀၀ ခန့် ပေးရသည်။ အစေ့ကိုပျိုးစိုက်မည်ဆိုပါက ခုနစ်နှစ်ခန့်ကြာသည်ဟုသိရသည်။ ဝါးပင်သည် အလေ့ကျပေါက်ရောက်မှုရှိသလို စနစ်တကျစီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

ကမ္ဘာ့ဝါးယဉ်ကျေးမှု

ဝါးသည် ကမ္ဘာသုံးအပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်ဝါးသည် ဆက်စပ်မှုရှိသည်။ လူတို့သည် ရှေးက သားစိမ်းငါးစိမ်းများကိုသာစားခဲ့ကြသည်။ ထို့နောက် ဝါးပင်အချင်းချင်း ပွတ်တိုက်ရာမှစ၍ မီးကိုတွေ့ရှိခဲ့ပြီးနောက် သားစိမ်းငါးစိမ်းများကို မီးဖုတ်၊ မီးကင်၍ စားသုံးသည့်ယဉ်ကျေးမှုပေါ်ပေါက်လာခဲ့သည်။ ဤကား ဝါးကိုအခြေခံ၍ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ဝါးယဉ်ကျေးမှု ထွန်းကားခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ အဓိကရိုးရာပွဲတစ်ခုတွင် ဝါးသည် မြန်မာလူမျိုးတို့၏ကန်တော့ပွဲကဲ့သို့ အရေးပါကြောင်းသိရသည်။ တရုတ်နိုင်ငံတွင် ဝါးကိုရှေးနှစ်ပေါင်း ၅၀၀၀ ခန့်လောက်ကတည်းက အသုံးပြုခဲ့ကြောင်းသိရသည်။ မြန်မာစာပေများမှာလည်း ဝါးပင်မှာ သန္ဓေတည်၍ ဖြစ်လာသော “ဝေဠုဝန်မင်းသမီး” ဟူ၍လည်းရှိခဲ့သည်။ ဝါးမှရရှိသော ဝါးအမြဲတေဟုလည်း ရှိကြောင်း မှတ်သားရဖူးသည်။ တရုတ်လူမျိုးတို့သည် ဝါးကိုအသုံးများသည်။ စာပေများရေးသားရာတွင်ဝါးစုပ်တံကို အသုံးပြုကြသလို တရုတ်နိုင်ငံ၏ ပထမဆုံး စာအုပ်ကို ဝါးပြားပေါ်တွင် ရေးသားကြောင်း သိရသည်။ ဝါးသည် စာပေနှင့်သာ ဆက်စပ်နေသည်မဟုတ်ပေ။ ဂီတနှင့်လည်းဆက်စပ်နေသည်။ ဝါးဖြင့် ပြုလုပ်သောတူရိယာများလည်းရှိသည်။ ဝါးပလွေ၊ ဝါးလက်ခုပ်၊ ဝါးပတ္တာလား စသည်တို့သည် ဝါးနှင့် အနုပညာတူရိယာကို ပေါင်းစည်းထားခြင်းဖြစ်သည်။

“ဝါးလက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားရေးလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ဝါးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိ . . .”

မြန်မာ့စီးပွားရေးနှင့်ဝါးထုတ်ကုန်

ဝါးကိုစီးပွားဖြစ်စိုက်ပျိုးပါက ဝါးတစ်လုံးကို ၂၀၀၀-၃၀၀၀ ခန့်ဈေးရှိသည်။ ဝါးရုံတစ်ရုံတွင် ဝါးအလုံးရေ ၄၀-၅၀ ခန့်ရှိကြသည်။ ဤကားခန့်မှန်းခြေသာဖြစ်သည်။ ထိုဝါးရုံမှဝါးများအနက် ရောင်းတန်းဝင်ဝါး ငါးလုံး ၁၀ လုံးခန့် ခုတ်ယူနိုင်သည်။ ဝါးတစ်ကေတွင်ဝါးရုံ ၄၂၀ ခန့်ဝင့်ဆံ့သည်။ ဝါးရုံတစ်ရုံတွင် ပျမ်းမျှဝါး ငါးလုံးခန့်ခုတ်ယူနိုင်လျှင် ယနေ့ဝါးဈေး ပျမ်းမျှ တစ်လုံး ၃၀၀၀ နှင့်တွက်လျှင် ဝါးရုံ ၄၂၀ အတွက် တစ်ရုံငါးလုံးဆိုလျှင် ဝါးအလုံးရေ ၂၁၀၀ ခန့် ရမည်ဖြစ်သည်။ ဝါးအလုံးရေ ၂၁၀၀ ကို ဝါးတစ်လုံးဈေးပျမ်း ၃၀၀၀ နှင့်ဆိုလျှင် ဈေးပျမ်း ၆၃၀၀၀၀၀ ရရှိမည်ဖြစ်သည်။

ဤကားကုန်ကြမ်းခေါ် အလုံးလိုက် ရောင်းချရင်ဈေးဖြစ်သည်။ ထိုဝါးများကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများကို အနည်းငယ်ဖော်ပြပါမည်။ ယင်းတို့မှာ- ဝါးခမောက်၊ ဝါးပလွေ၊ ဝါးပတ္တာလား၊ ဝါးလက်ခုပ်၊ စပါးထည့်သည့်ဝါးပုတ်၊ ငါးဖမ်းရာတွင် အသုံးပြုသည့်ယင်း၊ ဝါးမြှေးအမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါ၊ ပုသိမ်ထီး၊ နှီးကြော်ဖျာ၊ မြန်မာ့ယွန်းထည်နှင့်ဝါးကုလားထိုင် အမျိုးမျိုးတို့ဖြစ်သည်။ စာရေးသူတို့ဘက်မှာဆို ဝါးကုလားထိုင်များပြုလုပ်ရောင်းချကြသူများရှိသည်။ ဝါးထရံရက်လုပ်ရောင်းချကြသူများလည်းရှိသည်။ ဝါးပုတ်ပြုလုပ်သူများလည်းရှိသည်။ ဝါးထရံရက်လုပ်ခြင်းနှင့်ဝါးပုတ်ပြုလုပ်ခြင်း၊ ဝါးကုလားထိုင်ပြုလုပ်ခြင်းသည် ထိုသူတို့၏စီးပွားရေးလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည်။ ယခင်ကတည်းက ယနေ့အထိပြုလုပ်နေကြဆဲ ဝါးဖြင့်စီးပွားရှာသည့်လက်မှုဝါးစီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ မြန်မာ့ပုသိမ်ထီးနှင့် မြန်မာ့ယွန်းထည်ဆိုလျှင် ကမ္ဘာသိမြန်မာ့ဝါးလက်မှုအနုပညာယဉ်ကျေးမှုပင်ဖြစ်သည်။ ဝါးပင်သည် ကုန်ကြမ်းသာဖြစ်သည်။ အဆိုပါဝါးကို လက်မှုပစ္စည်းများဖြစ်သည့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ မြန်မာ့ယွန်းထည်နှင့် မြန်မာ့ရိုးရာပုသိမ်ထီးဆိုလျှင် ကမ္ဘာသိဝါးလက်မှုကုန်ချောပစ္စည်းဖြစ်သည်။ ထိုကဲ့သို့ဝါးလက်မှုအခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ကလည်းအားပေးလျက်ရှိသည်။ ဝါးလက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားရေးလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ဝါးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးမှာလည်း MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ယခုအခါ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မြေကြီးက ရွှေသီးဟုဆိုရမည့်အချိန်ပင်ဖြစ်သည်။ အဆိုပါစိုက်ပျိုးရေးလုပ်ငန်းအသီးသီးတွင် ဝါးစိုက်ပျိုးရေးသည်လည်း ပါဝင်သည်။ **ဝါးသည် ယဉ်ကျေးမှုအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရလည်းကောင်း၊ MSME အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအရလည်းကောင်း ဘက်စုံအသုံးဝင်သော အပင်ဖြစ်သည်။** ထို့ကြောင့် ဘက်စုံအသုံးဝင်သည့်ဝါးပင်ကို စိုက်ပျိုးသင့်သလို အစဉ်ထိန်းသိမ်းသင့်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ငဖဲမြို့နယ်၌ သဘာဝမြေဩဇာနှင့် EM ဖျော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်လှစ်



ငဖဲ မေ ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို မေလ ၁၂ ရက်နံနက်ပိုင်းတွင် ပန်းထိမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်စိုးက ကျေးလက်နေ တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဩဇာများကို သုံးစွဲသည့် အလေ့အထဖြစ်ပေါ်စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းမှသင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားဆောင်ရွက်ကြရန်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငဝါရွှေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြဆရာက သင်တန်းတွင်အသုံးပြုသည့် သင်ထောက်ကူပစ္စည်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား နည်းပြဆရာက သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်ခန်းစာများကို မေလ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

ကြံခင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကျင်းပ

ကြံခင်း မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)၌ အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိတောင်သူလယ်သမားဦးကြီးများအား စိုက်ပျိုးစရိတ်အရင်းအနှီးများရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း တောင်သူများအနေဖြင့် ရရှိသောချေးငွေများကို အကျိုးရှိစွာအသုံးပြုကြရန်၊ စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် ကြဲခင်းစနစ်ပျောက်ရေးအတွက် စီမံချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မြို့နယ်မန်နေဂျာ ဒေါ်လွင်လွင်ဦးက တောင်သူများ အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ချေးငွေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီကိုက်ညီသောတောင်သူများအား ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေနံတောင်ကျေးရွာရှိ တောင်သူများအား ဧကအလိုက် စပါးစိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူလက်ဝယ်အရောက် အသီးသီးပေးအပ်ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

အီရန်-အစ္စရေး တင်းမာမှုများကြားကထွက်ပေါ်လာတဲ့ ဆင့်ကဲအကျိုးသက်ရောက်မှု



ပြီးခဲ့တဲ့လအနည်းငယ်အတွင်း ဆိုမာလီပင်လယ်ဓားပြအုပ်စုတွေဟာ ဟူသီသူပုန်တွေဆီကနေ ခေတ်မီလက်နက်တွေနဲ့ နည်းပညာတွေ ရရှိနေတယ်ဆိုတဲ့ သတင်းတော်တော်များများ ထွက်ပေါ်လာခဲ့ပါတယ်။ ယီမင်နိုင်ငံက ဟူသီတွေ၊ ဆိုမာလီပင်လယ်ဓားပြတွေ၊ ပြီးတော့ ဆိုမာလီယာနိုင်ငံက အကြမ်းဖက်အဖွဲ့နှစ်ခု ဖြစ်တဲ့ အယ်ရှာဘတ်နဲ့ IS ဆိုမာလီခွဲထွက်အဖွဲ့တို့ကြားက ဆက်ဆံရေးဟာ တစ်နေ့ထက်တစ်နေ့ပိုပြီး ခိုင်မာလာနေတာပါ။ ဒါကို ဆိုမာလီယာအရာရှိတွေကရော၊ ကုလသမဂ္ဂရဲ့ အစီရင်ခံစာအသီးသီးကရော အတည်ပြုထားကြပါတယ်။

တချို့သော ဆိုမာလီပင်လယ်ဓားပြအုပ်စုတွေဟာ ဟူသီတွေဆီကနေ GPS ကိရိယာတွေရရှိထားတဲ့အတွက် ကုန်သွယ်ရေးသင်္ဘောတွေ သွားလာတဲ့ လမ်းကြောင်းကို အတိအကျခြေရာခံနိုင်နေပြီလို့ ထောက်လှမ်းရေးသတင်းတချို့အရသိရပါတယ်။ ဒါ့အပြင် သူတို့ထဲကတချို့ဆိုရင် ယီမင်နိုင်ငံထဲမှာ စစ်သင်တန်းတွေသွားတက်ခဲ့ကြတယ်လို့ လုံခြုံရေးတပ်ဖွဲ့တွေက ယုံကြည်ကြပါတယ်။ ဒီလိုနည်းပညာအသစ်တွေကြောင့် ဆိုမာလီကမ်းခြေနဲ့အလှမ်းဝေးတဲ့ နေရာတွေမှာ တိုက်ခိုက်မှုတွေလုပ်ဖို့ သူတို့အတွက် ပိုပြီးလွယ်ကူသွားစေပါတယ်။

ဒီဖြစ်ရပ်တွေဟာ အခုမှပေါ်လာတာမဟုတ်ပါဘူး။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တုန်းကလည်း ပန့်လန်းရေကြောင်းရဲတပ်ဖွဲ့ဟာ အိုင်းကမ်းလွန်မှာ ဖောက်ခွဲရေးပစ္စည်းတွေနဲ့ ဓာတုပစ္စည်းတွေကို တင်ဆောင်လာတဲ့ စက်လှေတစ်စင်းကို ဖမ်းမိခဲ့ပါတယ်။ လှေပေါ်မှာ ယီမင်နိုင်ငံသား နှစ်ယောက်နဲ့ ဆိုမာလီနိုင်ငံသားငါးယောက်ပါလာခဲ့တာပါ။ ဒါဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးတစ်ခုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဲဒီတုန်းက လုံခြုံရေးတပ်ဖွဲ့တွေဟာ ကယ်မစ္စကတ်တောင်တန်းပေါ်ရှိ ISIS စခန်းပေါင်း ၁၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။

စိတ်ဝင်စားဖို့ကောင်းတာတစ်ခုက ကုလသမဂ္ဂရဲ့ ၂၀၂၅ ခုနှစ် အစီရင်ခံစာမှာ ဟူသီတွေနဲ့ ဆိုမာလီ အကြမ်းဖက်အဖွဲ့တွေကြားမှာရှိတဲ့ ဆက်ဆံရေးဟာ ဝါဒရေးရာအရမဟုတ်ဘဲ အကျိုးအမြတ်အပေါ်အခြေခံတဲ့ သဘောတူညီချက် သက်သက်သာဖြစ်တယ်လို့ ဖော်ပြထားတာပါ။ အယ်ရှာဘတ် စစ်သွေးကြွတွေက ခေတ်မီလက်နက်တွေနဲ့ သင်တန်းတွေရဖို့အတွက် ၂၀၂၅ ခုနှစ်အတွင်းမှာတင် ဟူသီကိုယ်စားလှယ်တွေနဲ့ အနည်းဆုံး နှစ်ကြိမ်လောက် တွေ့ဆုံခဲ့ပါတယ်။ အပြန်အလှန်အဖြစ် အယ်ရှာဘတ်က အေဒင်ပင်လယ်ကွေ့နဲ့ ဆိုမာလီကမ်းလွန်မှာ ပင်လယ်ဓားပြလုပ်ငန်းတွေပိုလုပ်ပေးရမယ်၊ သင်္ဘောတွေကို နှောင့်ယှက်ပြီး ပြန်ပေးဆွဲငွေတွေတောင်းရမယ်ဆိုတဲ့ သဘောတူညီချက်မျိုးပေးခဲ့ရပါတယ်။ ဟူသီတွေဟာ အာရပ်ကျွန်းဆွယ်က အယ်ကိုင်ဒါအဖွဲ့နဲ့လည်း အလားတူသဘောတူညီချက်မျိုးရှိထားတာ သုံးနှစ်ကျော်ပါပြီ။

ဆိုမာလီပင်လယ်ဓားပြတွေဟာ အကြမ်းဖက်အဖွဲ့တွေနဲ့မတူဘဲ သီးခြားရာဇဝတ်ဂိုဏ်းအနေနဲ့ ရပ်တည်နေတာပါ။ သူတို့က ဝါဒရေးရာထက် စီးပွားရေးအရတွက်ခြေကိုက်ဖို့ပဲ ကြည့်ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာတော့ လုံခြုံရေးနဲ့ထောက်ပံ့ပို့ဆောင်ရေးအတွက် အစ္စလာမ်မစ်အစွန်းရောက်အဖွဲ့တွေနဲ့ လက်တွဲတတ်ကြပါတယ်။ ပင်လယ်ဓားပြတွေဟာ ဘယ်လောက်ဝင်ငွေကောင်းလဲဆိုရင် ၂၀၀၅ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အတွင်းမှာ ဆိုမာလီပင်လယ်ဓားပြအနေနဲ့ အမေရိကန်ဒေါ်လာ ၃၃၉ သန်းကနေ ၄၁၃ သန်းအထိ ရရှိခဲ့တယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။

၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၂ ခုနှစ်ကြားကာလမှာ ပင်လယ်ဓားပြလှုပ်ရှားမှု ခဏငြိမ်သက်သွားပေမယ့် ၂၀၂၃ ခုနှစ်မှာ တိုက်ခိုက်မှု ခြောက်ကြိမ်၊ ၂၀၂၄ ခုနှစ်မှာ ၂၂ကြိမ်အထိ ပြန်တိုးလာပါတယ်။ ဒီလို ပြန်တိုးလာရတဲ့ အကြောင်းရင်းတစ်ခုကတော့ ပန့်လန်းဒေသမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ ကုန်းတွင်းပိုင်းက ISIS အဖွဲ့တွေကိုတိုက်ခိုက်ဖို့ အင်အားရွှေ့ပြောင်းလိုက်ရတာကြောင့်ပါ။ ဒီလစ်ဟာချက်ကို ပင်လယ်ဓားပြတွေက အခွင့်ကောင်းယူသလို၊ ပင်လယ်နီထဲမှာ ဟူသီတွေရဲ့ တိုက်ခိုက်မှုတွေကြောင့်ဖြစ်ပေါ်လာတဲ့ မတည်ငြိမ်မှုတွေကလည်း အခြေအနေကိုပိုဆိုးသွားစေခဲ့ပြန်ပါတယ်။

တကယ်တမ်း ဆိုမာလီကမ်းလွန်ဒေသမှာ ပင်လယ်ဓားပြမှုတွေ ပြန်အားကောင်းလာတာက အမေရိကန်နဲ့ အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ် ဆင်နွှဲတဲ့ ပဋိပက္ခတွေရဲ့ ရိုက်ခတ်မှုလို့ ပြောလို့ရပါတယ်။ ဒီပဋိပက္ခကြောင့် ဒေသတွင်းအာရုံစိုက်မှုတွေက ပါရှန်းပင်လယ်ကွေ့ဘက်ကိုရောက်သွားပြီး ပင်လယ်နီမှာလုံခြုံရေးယူပေးနေတဲ့ တပ်ဖွဲ့တွေက ဟော်မုဇရေလက်ကြားကို ကူးပြောင်းသွားကြရတာပါ။

ဒီနေရာမှာ ပန့်လန်းနဲ့ ဆိုမာလီလန်းတို့ရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ပန့်လန်းကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ရပ်တည်နေတာဖြစ်ပြီး ဆိုမာလီလန်းကတော့ နိုင်ငံတကာက အသိအမှတ်ပြုတဲ့ သီးခြားလွတ်လပ်တဲ့နိုင်ငံ ဖြစ်ချင်နေတာပါ။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှာ အစ္စရေးက ဆိုမာလီလန်းကို လွတ်လပ်တဲ့နိုင်ငံအဖြစ် ပထမဆုံး အသိအမှတ်ပြုလိုက်ပါတယ်။ အဲဒီနောက်မှာတော့ အစ္စရေးဟာ အမေရိကန်၊ ယူအေအီးတို့နဲ့ ပူးပေါင်းပြီး ဆိုမာလီလန်းမြောက်ပိုင်းရှိဘာဘာရာဆိပ်ကမ်းမြို့မှာ စစ်အခြေစိုက်စခန်းတစ်ခု ဆောက်လုပ်လာပါတယ်။ ဒါဟာ ဟူသီတွေကိုတန်ပြန်ဖို့နဲ့ ထောက်လှမ်းရေးလုပ်ငန်းတွေလုပ်ဖို့ ဗျူဟာမြောက် ခြေကုပ်ယူလိုက်တာပါပဲ။ ဘာဘာရာလေဆိပ်ဟာ ၁၉၇၀ ပြည့်လွန်နှစ်တွေတုန်းက ဆိုဗီယက်တွေတည်ဆောက်ခဲ့တာဖြစ်ပြီး အခုတော့ အစ္စရေးအတွက်အရေးပါတဲ့ နေရာတစ်ခုဖြစ်လာပါပြီ။

အခုဆိုရင် အာဖရိကဦးချိုဒေသမှာ နိုင်ငံတကာသြဇာလွှမ်းမိုးမှုအုပ်စုနှစ်ခု ကွဲထွက်လာတာကိုတွေ့ရပါတယ်။ တစ်ခုက အစ္စရေး၊ ယူအေအီး၊ အီသီယိုးပီးယားနဲ့ ဆိုမာလီလန်းတို့ပါဝင်တဲ့ "ဘာဘာရာဝင်ရိုးတန်း" အုပ်စုဖြစ်ပြီး တူကီယဲနဲ့ အီရန်ရဲ့သြဇာကို တန်ပြန်ဖို့ကြိုးစားနေတာပါ။ အီသီယိုးပီးယားကလည်း ပင်လယ်ထွက်ပေါက်ရဖို့အတွက် ဒီအုပ်စုနဲ့လက်တွဲထားပါတယ်။ နောက်အုပ်စုတစ်ခုက ဆိုမာလီယာ၊ တူကီယဲ၊ အီဂျစ်နဲ့ ဆော်ဒီအာရေဗျာတို့ပါဝင်တဲ့ "မိုဂါဒစ်ရူးဝင်ရိုးတန်း" ဖြစ်ပြီး ဆိုမာလီယာရဲ့ အချုပ်အခြာအာဏာကိုကာကွယ်ဖို့နဲ့ ပြင်ပဝင်ရောက်စွက်ဖက်မှုတွေကို တားဆီးဖို့ရည်ရွယ်ပါတယ်။ တူကီယဲဆိုရင် ဆိုမာလီယာမှာ သူတို့ရဲ့အကြီးဆုံးနိုင်ငံခြားစစ်အခြေစိုက်စခန်းကိုဖွင့်ထားပြီး စစ်သည်ထောင်ပေါင်းများစွာကို သင်တန်းပေးနေပါတယ်။ ဆော်ဒီအာရေဗျနဲ့အီဂျစ်တို့ကလည်း ဒီဒေသမှာသူတို့ရဲ့အကျိုးစီးပွားနဲ့ လုံခြုံရေးအတွက် ဆိုမာလီယာအစိုးရဘက်ကနေ ရပ်တည်နေကြတာပါ။

ဒီကြားထဲမှာ အီရန်နိုင်ငံရဲ့ အခန်းကဏ္ဍကိုလည်း မေ့ထားလို့မရပါဘူး။ အီရန်ဟာ ဘယ်အုပ်စုထဲမှာမှ တိုက်ရိုက်မပါပေမယ့် အစ္စရေးဆန့်ကျင်ရေးအုပ်စုတွေကိုတော့ နောက်ကွယ်ကနေ ကူညီပေးနေတာပါ။ အထူးသဖြင့် ဟူသီတွေဆီ လက်နက်တွေပို့ပေးရာမှာ ဆိုမာလီကမ်းခြေကို လမ်းကြောင်းတစ်ခုအဖြစ် အသုံးချနေတာဖြစ်ပါတယ်။ အီရန်က ပံ့ပိုးပေးတဲ့ လက်နက်တွေဟာ ဟူသီတွေကနေတစ်ဆင့် ဆိုမာလီပင်လယ်ဓားပြတွေနဲ့ အယ်ရှာဘတ်တွေဆီကို ရောက်သွားနေတာပါ။

ဒီအခြေအနေတွေကိုပြန်ကြည့်လိုက်မယ်ဆိုရင် ဆိုမာလီကမ်းလွန်မှာ ပင်လယ်ဓားပြမှုတွေ ပြန်လည်ထကြွလာတာဟာ ဒေသတွင်းကရှုပ်ထွေးလှတဲ့ နိုင်ငံရေးနဲ့ စစ်ရေးပဋိပက္ခရဲ့ရလဒ်ပါပဲ။ အစ္စရေး၊ အီရန်၊ တူကီယဲနဲ့ ယူအေအီးတို့ရဲ့ ပြိုင်ဆိုင်မှုတွေကြားမှာ ဆိုမာလီပင်လယ်ဓားပြတွေဟာ ဟူသီတွေရဲ့ အကူအညီနဲ့ ပိုပြီးအန္တရာယ်ရှိတဲ့ အခြေအနေကို ရောက်ရှိလာနေပါတယ်။ ပင်လယ်နီနဲ့ အေဒင်ပင်လယ်ကွေ့ရဲ့ လုံခြုံရေးဟာ အရင်ကထက် ပိုပြီးစိုးရိမ်စရာကောင်းလာနေပြီလို့ ကျွန်တော်တို့သုံးသပ်နိုင်ပါတယ်။ ဒီလို အားပြိုင်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ "ဆင့်ကဲအကျိုးသက်ရောက်မှု" ဟာ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွေကိုပါ ခြိမ်းခြောက်လာပြီဖြစ်တဲ့အတွက် အထူးသတိထားစောင့်ကြည့်ရမယ့် အခြေအနေဖြစ်လာပါတယ်။

ဒီဖြစ်ရပ်တွေအားလုံးကို ခြုံငုံကြည့်မယ်ဆိုရင်တော့ အရှေ့အလယ်ပိုင်းမှာဖြစ်ပေါ်တဲ့ တင်းမာမှုတွေဟာ အာဖရိကအထိ ကူးစက်ပျံ့နှံ့နေတာကို တွေ့ရပါမယ်။ အီရန်က ကျောထောက်နောက်ခံပေးထားတဲ့ ဟူသီတွေက ဆိုမာလီပင်လယ်ဓားပြတွေကို လက်နက်နဲ့ နည်းပညာ တပ်ဆင်ပေးနေတာဟာ အစ္စရေးနိုင်ငံနဲ့ အနောက်အုပ်စုရဲ့အကျိုးစီးပွားကို တိုက်ခိုက်ဖို့အတွက် နည်းလမ်းအသစ်တစ်ခုဖြစ်လာပါတယ်။

ပင်လယ်ဓားပြတွေကလည်း သူတို့ရဲ့စီးပွားရေးအကျိုးအမြတ်အတွက် ဒီအခွင့်အရေးကိုအသုံးချပြီး ပိုမိုခေတ်မီတဲ့နည်းလမ်းတွေနဲ့ သင်္ဘောတွေကို ခြိမ်းခြောက်လာနေတာပါ။ ဒါကြောင့် ဒီဒေသရဲ့ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးဟာ နိုင်ငံကြီးတွေရဲ့ အားပြိုင်မှုကြားမှာ ပိုပြီးတော့တောင် ခက်ခဲတဲ့လမ်းကြောင်းဆီကို ဦးတည်လာနေတယ်လို့ပြောရမှာဖြစ်ပါတယ်။ အခုလိုမျိုး ၂၀၂၆ ခုနှစ် ရောက်လာတဲ့အခါမှာတော့ ဒီပြဿနာဟာ ပိုမိုကျယ်ပြန့်လာပြီး ဒေသတွင်းနိုင်ငံတွေသာမက ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ ကုန်သွယ်ရေးလုပ်ငန်းရှင်တွေအတွက်ပါ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုဖြစ်လာနေပါတယ်။

တစ်ဖက်မှာ ဆိုမာလီယာအစိုးရက သူ့နိုင်ငံရဲ့ ပိုင်နက်ကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားနေသလို အခြားတစ်ဖက်မှာလည်း ပြည်ပအင်အားကြီးနိုင်ငံတွေက သူတို့ရဲ့ ဗျူဟာမြောက်ခြေကုပ်စခန်းတွေရဖို့ ဆိုမာလီလန်းလို ဒေသမျိုးတွေကို အသုံးချနေကြတာဟာ အခြေအနေကို ပိုပြီးရှုပ်ထွေးစေပါတယ်။ အထူးသဖြင့် အစ္စရေးက ဆိုမာလီလန်းကို အသိအမှတ်ပြုလိုက်ခြင်းက ဒီဒေသရဲ့ နိုင်ငံရေးအခင်းအကျင်းကို တစ်ဆစ်ချိုးပြောင်းလဲသွားစေခဲ့တာပါ။

ဒီအခြေအနေဟာ အီရန်နဲ့ သူ့ရဲ့လက်ဝဲခံအုပ်စုတွေကိုတိုက်ရိုက်စိန်ခေါ်လိုက်တာလည်း ဖြစ်ပါတယ်။ အခုဆိုရင် ပင်လယ်ဓားပြတွေဟာ ရိုးရိုးလက်နက်တွေတင်မကဘဲ ဒရုန်းတွေ၊ GPS တွေနဲ့ အဆင့်မြင့် ထောက်လှမ်းရေး နည်းပညာတွေကိုပါ သုံးနိုင်နေပြီဖြစ်လို့ သူတို့ကိုနှိမ်နင်းဖို့ဆိုတာ အရင်ကထက် အဆပေါင်းများစွာ ပိုခက်ခဲသွားပြီလို့ဆိုရမှာပါ။ ဒီအခြေအနေတွေဟာ နောက်ထပ်ဘယ်လိုအတိုင်းအတာအထိဆက်ဖြစ်နေဦးမလဲဆိုတာ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဒေသတွင်းနိုင်ငံရေးအပြောင်းအလဲတွေအပေါ်မှာပဲ မူတည်နေပါတော့တယ်။

Ref: RT

ထက်မြတ်

ပါကစ္စတန်နိုင်ငံ၌ လူစည်ကားသောနေရာတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူကိုးဦးသေဆုံး

အစ္စလာမ်မာဘတ်၊ ဗုံးခွဲမှု

ပါကစ္စတန်နိုင်ငံ၌ မေလ ၁၂ ရက်တွင် လူစည်ကားသောနေရာ၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူကိုးဦးသေဆုံးထားကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။ အဆိုပါတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်တန်ခွာပြည်နယ်၌ ဖြစ်ပွားခြင်းဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်မှုသည် ပုံမှန်ကင်းလှည့်မှုလုပ်ဆောင်နေသော ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် မော်တော်ကားတစ်စီးကို ပစ်မှတ်ထားခြင်းဖြစ်ပြီး လက်ကိမာဝက်ခရိုင်ရှိ လူစည်ကားရာဈေးတစ်ခုခွင်၌ဖြစ်ပွားခြင်းဖြစ်သည်။ ထို့ကြောင့် အခင်းဖြစ်ပွားရာနေရာအနီးမှ ဖြတ်သန်းသွားလာနေသူပြည်သူများသေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းတို့ဖြစ်ပွားခြင်းဖြစ်သည်။

မေလ ၉ ရက်တွင် ခိုင်ဘာပတ်တန်ခွာပြည်နယ်၌ပင် ရဲတပ်ဖွဲ့ဝင်များစီးနင်းလာသောကားတစ်စီးကို ချုံခိုတိုက်ခိုက်ခြင်းနှင့် ရဲစခန်းတစ်ခုတို့ကို အသေခံကားဗုံးခွဲတိုက်ခိုက်ခြင်းတို့ကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံးပြီးနောက် ယခုဖြစ်စဉ် ဆက်လက်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

Ref: Xinhua

ကမ္ဘောဒီးယားတွင် ပြည်သူ့စစ်မှုထမ်းကာလ တိုးမြှင့်သည့်ဥပဒေကို လွှတ်တော်အတည်ပြု

ဖန္ဒမ်းပင်၊ ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ့စစ်မှုထမ်းကာလတိုးမြှင့်ရန်နှင့် စစ်မှုထမ်းရန်ငြင်းဆိုသူများကို အပြစ်ဒဏ်ပိုမိုချမှတ်ရန် ပြဋ္ဌာန်းထားသည့် စစ်မှုထမ်းဥပဒေအသစ်ကို လွှတ်တော်က မေလ ၁၂ ရက်တွင်အတည်ပြုသည်။ ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဖြစ်ပွားသော သေဆုံးမှုများပြားသည့် နယ်စပ်ပဋိပက္ခများနောက်ပိုင်း ယခုကဲ့သို့ ဥပဒေကို ပြင်ဆင်သတ်မှတ်ခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့် ဥပဒေတွင် အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းရှိသူများ ၁၈ လကြာစစ်မှုထမ်းရန် သတ်မှတ်ထားသော်လည်း ဥပဒေအသစ်အရ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိသူများ နှစ်နှစ်ကြာ စစ်မှုထမ်းရမည်ဖြစ်သည်။ စစ်မှုထမ်းရန် ငြင်းဆိုသူများသည် ငြိမ်းချမ်းရေးကာလဖြစ်ပါက ထောင်ဒဏ်နှစ်နှစ်အထိနှင့် စစ်ဖြစ်နေချိန်ငြင်းဆိုပါက ထောင်ဒဏ်ငါးနှစ်အထိ ကျခံရမည်ဖြစ်သည်။

Ref: ST

ရာသီဥတုဖောက်ပြန်မှုနှင့် အယ်နီညိုဖြစ်စဉ်ကြောင့် ယခုနှစ်တွင် တောမီးအန္တရာယ် ပိုမိုပြင်းထန်လာနိုင်



ပဲရစ်၊ ရာသီဥတု

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ပိုမိုအားကောင်းသော အယ်နီညိုရာသီဥတုဖြစ်စဉ်တို့ကြောင့် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန်နိုင်ကြောင်း သုတေသီများက မေလ ၁၂ ရက်တွင် သတိပေးလိုက်သည်။ ၂၀၂၆ ခုနှစ် အစောပိုင်းကာလများတွင် တောမီးလောင်ကျွမ်းမှုနှုန်း စံချိန်တင် မြင့်မားခဲ့ပြီးနောက် ယခုကဲ့သို့ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ တောမီးရာသီသည် အရှိန်အဟုန်ဖြင့်စတင်နေပြီး လက်ရှိအချိန်အထိ လောင်ကျွမ်းခဲ့သော ဧရိယာမှာ ပျမ်းမျှထက် ၅၀ ရာခိုင်နှုန်း ပိုမိုများပြားနေကြောင်း Imperial College London မှသုတေသီဖြစ်သည့် ဒေါက်တာ သီအိုဒိုးကီးပင်းကပြောသည်။ ဇန်နဝါရီလမှ မေလပထမပတ်အထိ ဟက်တာ ၁၆၃ သန်း ကျော်လောင်ကျွမ်းထားပြီးဖြစ်သည်။

ထိုပမာဏသည် ၂၀၁၂ ခုနှစ်မှစတင်၍ မှတ်တမ်းတင်ထားနိုင်သည့် ယခင်စံချိန်များထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားလာခြင်းဖြစ်သည်။ အထူးသဖြင့် အာရှတိုက်၌ လောင်ကျွမ်းမှုမှာ ၂၀၁၄ ခုနှစ်က စံချိန်ထက် ၄၀ ရာခိုင်နှုန်းနီးပါး ပိုမိုများပြားသည်။

အယ်နီညိုဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်းမိုးခေါင်ခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်သောကြောင့် အားကောင်းသော အယ်နီညိုဖြစ်ပေါ်လာပါက သမိုင်းတစ်လျှောက်အဆိုးရွားဆုံး တောမီးဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: ST

အီရန်က စစ်ရေးအရ အသင့်ရှိသော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုအဓိကထား

တီဟီရန်၊ စစ်ရေး

အီရန်အစိုးရသည် စစ်ရေးအရအသင့်ပြင်ဆင်ထားသော်လည်း အဓိကဦးတည်ချက်မှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန်သာဖြစ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖာတီးမားမိုဟာဂျရာနီကာမေလ ၁၂ ရက်တွင်ပြောသည်။ အီရန်နိုင်ငံသည် ရက်ပေါင်း ၄၀ ကြာစစ်ပွဲအတွင်း ကမ္ဘာ့အကြီးဆုံးစစ်အင်အားစုကို ရင်ဆိုင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွင်ထင်းကပြောသည်။

"ကျွန်မတို့က လက်နက်ကိုအသင့်ပြင်ထားဆဲဖြစ်ပြီး ဆွေးနွေးမှုအခြေအနေတွေဘယ်လိုဖြစ်လာမလဲဆိုတာကို စောင့်ကြည့်နေပါတယ်။ ဒါပေမဲ့ ကျွန်မတို့အဓိကအာရုံစိုက်တာကတော့ ရေရှည်ငြိမ်းချမ်းရေးပါပဲ" ဟု ပြောရေးဆိုခွင့်ရှိသူကဆိုသည်။ အီရန်သည် သံတမန်ရေးရာကိစ္စရပ်များကို ဂုဏ်သိက္ခာ၊ ပညာနှင့်သင့်လျော်မှုနှင်နှိမ့်မှုဟူသည့် အခြေခံမူ (၃)ရပ်အပေါ်တွင်မူတည်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောထားသည်။

Ref: Xinhua

သြစတြီးယားမှ ယူကရိန်းသို့ ဒေါ်လာ ၂၂ ဘီလီယံနီးပါး လျှို့ဝှက်ပေးပို့မှုရှိ



ဗီယင်နာ၊ နိုင်ငံရေး

သြစတြီးယားနိုင်ငံမှ ယူကရိန်းနိုင်ငံသို့ ၂၀၂၂ ခုနှစ်မှစ၍ ဒေါ်လာ ၂၂ ဘီလီယံနီးပါးတန်ဖိုးရှိငွေသားနှင့်ရွှေများ လျှို့ဝှက်ပေးပို့မှုရှိကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် သြစတြီးယားနိုင်ငံရေးသမားတစ်ဦးက ဘဏ္ဍာရေးဝန်ကြီးဌာနကို တောင်းဆိုကြောင်းသိရသည်။

ယူကရိန်းနိုင်ငံသို့ ယူရို ၁၂ ဘီလီယံ (ဒေါ်လာ ၁၄ ဘီလီယံခန့်) နှင့် ဒေါ်လာ ၇ ဒသမ ၇၅ ဘီလီယံခန့်ရှိသော ငွေသားနှင့် ရွှေတင်ပို့မှုပေါင်းအကြိမ်ရေ ၁၀၃၀ ကို စစ်ဇုန်အတွင်းသို့သယ်ယူပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သြစတြီးယားလွတ်မြောက်ရေးပါတီ၏ အထွေထွေအတွင်းရေးမှူး ခရစ္စတီယန်ဟာဖနက်ကာကပြောသည်။

သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် ယူရို ၁၂၀၀၀ ထုတ်ယူပါက ငွေကြေးအရင်းအမြစ်ကိုသက်သေပြရပြီး ယူရို ၁၀၀၀၀ ထက်ပို၍ နယ်စပ်ဖြတ်ကျော်ပါက ကြေညာရသော်လည်း ယူကရိန်းသို့ အလုံးအရင်းဖြင့်ပေးပို့မှုများကိုမူ ဘဏ္ဍာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးခြင်းမရှိတဲ့ လျစ်လျူရှုထားကြောင်း ၎င်းကဝေဖန်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစည်းမျဉ်းအတိုင်းစစ်ဆေးပြီး လွှတ်တော်သို့ အစီရင်ခံတင်ပြရန် ၎င်းကတောင်းဆိုထားသည်။ ယူကရိန်းနိုင်ငံတွင် အဂတိလိုက်စားမှုနှင့် ငွေအလွဲသုံးစားမှု သတင်းထွက်ပေါ်နေစဉ် ၎င်းက ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်သည်။

Ref: RT

အီရန်နှင့်ဆွေးနွေးမှုရပ်တန့်နေစဉ် ဒေါ်နယ်ထရမ့်က လေကြောင်းတိုက်ခိုက်မှုပြန်လုပ်ရန် စဉ်းစားနေ


ဝါရှင်တန်၊ စစ်ရေး

အီရန်နိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုရပ်တန့်နေစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအပေါ် ဗုံးကြဲတိုက်ခိုက်မှုပြန်လုပ်ရန် စဉ်းစားနေကြောင်း Axios သတင်းဌာနက မေလ ၁၁ ရက်တွင် ဖော်ပြထားသည်။ အီရန်ဘက်မှ တင်ပြလာသည့်အချက်အလက်များသည်လုံးဝလက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် တစ်လကြာရရှိထားသည့် အပစ်အခတ်ရပ်စဲရေးမှာလည်း ပျက်ပြားလုနီးပါးဖြစ်နေကြောင်း ထရမ့်က ပြောသည်။

ဒေါ်နယ်ထရမ့်သည် ဟော်မုဇရေလက်ကြားမှသင်္ဘောများကို လုံခြုံရေးပေးသည့် Project Freedom စစ်ဆင်ရေး ပြန်စတင်ရန်နှင့် ပင်တဂွန်စစ်ဌာနချုပ်က သတ်မှတ်ထားသော်လည်း မတိုက်ခိုက်ရသေးသည့် ကျန်ရှိနေသော ပစ်မှတ် ၂၅ ရာခိုင်နှုန်းကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရန် အမျိုးသားလုံခြုံရေးအဖွဲ့နှင့် ဆွေးနွေးသွားမည်ဟု သတင်းဌာနကဖော်ပြထားသည်။

အီရန်သည် ၎င်း၏ ဒုံးကျည်လက်နက်အများအပြားကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ဖြစ်ပြီး အမေရိကန်၏ ရေတပ်ပိတ်ဆို့မှုကို အနည်းဆုံး သုံးလမှလေးလကြာအထိ တောင့်ခံနိုင်စွမ်းရှိသည်ဟု စီအိုင်အေ၏ ခန့်မှန်းချက်တွင်ဖော်ပြထားသည်ဟု တာဝန်ရှိသူများ၏ ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနက ဖော်ပြထားကြောင်း သိရသည်။

Ref: RT



ဝန်ထမ်းများနေထိုင်မှုအဆင်ပြေစေရေး စိုက်ပျိုးရေး ဦးစီးဌာန၏ ခြောက်ခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာသစ်ဖွင့်



ဘားအံ မေ ၁၂

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏နေထိုင်မှုအဆင်ပြေစေရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၉၆၉ သန်း ဖြင့် အကုန်အကျခံတည်ဆောက်ခဲ့သော ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ၀၀လမ်းရှိ အဆိုပါဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဝန်ထမ်းအိမ်ရာသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွှန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ယူတည်ဆောက်ပေးသည့်မော်ဖမော်ကွန်းကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခြောက်ခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဆိုင်ရာ စာရွက်စာတမ်းများကို တာဝန်ယူတည်ဆောက်သည့်မော်ဖမော်ကွန်းကုမ္ပဏီကပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဘားအံမြို့လူငယ်စင်တာတွင် မေလ ၅ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးသင်တန်းတွင် ကြီးကြပ်၊ အုပ်ချုပ်၊ နည်းပြဘဦးနှင့်သင်တန်းသား၊ သင်တန်းသူ ၆၅ ဦးတို့၏ သင်ကြား၊ သင်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ တွေ့ဆုံ

နေပြည်တော် မေ ၁၂

စက်မှုနှင့် အသေးစား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ဌာနခွဲအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက Agro-based Industries များ၊ MSME များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးတည်လျက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပံ့ပိုးမှုများကို အမှန်တကယ် အကျိုးရှိထိရောက်အောင် ဆောင်ရွက်သွားရန်၊ MSME One Stop Service Center နှင့် One Region One Product (OROP) ဆိုင်ရာလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်သွားရန်၊ ဌာနခွဲနှင့် အဖွဲ့အစည်းလိုက် စွမ်းဆောင်ရည်များအမှန်တကယ်တိုးတက်မှုရှိစေရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၂

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

● **ကျောဖုံးမှအဆက်**

မေလ ၁၅ ရက်နေ့မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၃)အဆန်	ရန်ကုန်	မန္တလေး	၀၆:၀၀	၁၆:၀၀	(၁၀)နာရီ
၂	အမှတ်(၄)အစုန်	မန္တလေး	ရန်ကုန်	၀၆:၀၀	၁၆:၁၀	(၁၀)နာရီ (၁၀)မိနစ်

ထို့အတူ ရန်ကုန်နှင့် မန္တလေး ခရီးစဉ်ရထားတို့မှ နံနက် ၆ နာရီအချိန်ထွက်ခွာပြေးဆွဲနေသည့် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ခရီးစဉ်ရထားများမှ နံနက် ၇ နာရီအချိန်တွင် အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်-

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၅)အဆန်	ရန်ကုန်	မန္တလေး	၀၇:၀၀	၁၇:၀၀	(၁၀)နာရီ
၂	အမှတ်(၆)အစုန်	မန္တလေး	ရန်ကုန်	၀၇:၀၀	၁၇:၁၀	(၁၀)နာရီ(၁၀)မိနစ်

ထို့အပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း သာစည်-နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ်(သ-၄၀၁)အဆန်/(သ-၄၀၂)အစုန် RBE ခရီးတိုရထား၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ်အမှတ်(သ-၅၀၁)အဆန်/(သ-၅၀၂)အစုန် RBE ခရီးတိုရထားနှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ်(သ-၆၀၁)အဆန်/(သ-၆၀၂)အစုန် RBE ခရီးတိုရထားများအား ၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	သ-၄၀၂ အစုန်	သာစည်	နေပြည်တော်	၀၆:၀၀	၀၈:၅၀	(၂)နာရီ(၅၀)မိနစ်
၂	သ-၄၀၁အဆန်	နေပြည်တော်	သာစည်	၁၄:၀၀	၁၆:၅၀	။
၃	သ-၅၀၂ အစုန်	နေပြည်တော်	တောင်ငူ	၀၆:၀၀	၀၈:၂၅	(၂)နာရီ(၂၅)မိနစ်
၄	သ-၅၀၁အဆန်	တောင်ငူ	နေပြည်တော်	၁၄:၀၀	၁၆:၂၅	။
၅	သ-၆၀၂ အစုန်	တောင်ငူ	ပဲခူး	၀၆:၀၀	၁၀:၁၅	(၄)နာရီ(၁၅)မိနစ်
၆	သ-၆၀၁အဆန်	ပဲခူး	တောင်ငူ	၁၄:၁၅	၁၈:၃၀	။

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် RBE ခရီးတိုရထားများ၏ နေပြည်တော်-သာစည်၊ သာစည်-နေပြည်တော်နှင့် နေပြည်တော်-တောင်ငူ၊ တောင်ငူ-နေပြည်တော်တို့အတွက် လက်မှတ်ခနှုန်းထားများမှာ ခရီးစဉ်အစအဆုံး (၅၀၀၀)ကျပ် ခရီးစဉ်တစ်ဝက် (၂၅၀၀)ကျပ်ဖြစ်ကြောင်းနှင့် တောင်ငူ-ပဲခူး၊ ပဲခူး-တောင်ငူအတွက် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး (၈၀၀၀)ကျပ် ခရီးစဉ်တစ်ဝက်(၄၀၀၀)ကျပ်ဖြစ်ပြီး လမ်းခရီး၌ ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်သည်။

တိုးချဲ့ပြေးဆွဲမည့် ရထားများ၏အချိန်စာရင်းအရ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ အမှတ်(၁၁)အဆန်/အမှတ်(၁၂) အစုန်ရထား၊ အမှတ်(၁)အဆန်/အမှတ်(၂)အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအတွင်းရှိ အမှတ်(၈၁)အဆန်/(၈၂)အစုန်ရထားများ၏ အချိန်စာရင်းအား မေလ ၁၅ ရက်နေ့မှစ၍ အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိ AAR (ရိုးရိုး)တွဲဆိုင်းဖြင့်ပြေးဆွဲနေသော အမှတ်(၁၁)အဆန်/အမှတ်(၁၂)အစုန်ရထားအား လေအေးပေးစက်ပါအထက်တန်းလူစီးတွဲ (၂)တွဲပါရှိသော လေအိတ်ရထားတွဲဆိုင်းဖြင့် မေလ ၁၅ ရက်နေ့မှစတင်၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည် -

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၁၁)အဆန်	ရန်ကုန်	မန္တလေး	၀၅:၀၀	၁၈:၅၀	(၁၃)နာရီ(၅၀)မိနစ်
၂	အမှတ်(၁၂)အစုန်	မန္တလေး	ရန်ကုန်	၀၅:၀၀	၁၉:၃၅	(၁၄)နာရီ(၃၅)မိနစ်
၃	အမှတ်(၁)အဆန်	ရန်ကုန်	မန္တလေး	၀၈:၃၀	၀၆:၀၀	(၂၁)နာရီ(၃၀)မိနစ်
၄	အမှတ်(၂)အစုန်	မန္တလေး	ရန်ကုန်	၁၈:၀၀	၁၅:၂၀	(၂၁)နာရီ(၂၀)မိနစ်
၅	အမှတ်(၈၁)အဆန်	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၃၅	(၈)နာရီ(၃၅)မိနစ်
၆	အမှတ်(၈၂)အစုန်	မော်လမြိုင်	ရန်ကုန်	၀၈:၃၀	၁၇:၀၀	(၈)နာရီ(၃၀)မိနစ်

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများဖြစ်သော အမှတ်(၃)အဆန်/အမှတ်(၄)အစုန်နှင့်အမှတ်(၅)အဆန်/အမှတ်(၆) အစုန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား online Railways Ticketing and payment (ORTP)စနစ်ဖြင့် ခရီးစဉ်အစအဆုံးအတွက် (၇)ရက်နှင့် လမ်းဘူတာများအတွက် (၃)ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာ့မီးရထား

၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia-EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ် ဧပြီလအတွင်း စခန်း ၂၄ စခန်းတို့မှ မိုးရေနမူနာများစုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့မှရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ



ပုံ(၂)၊ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ



၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ


စဉ်	စခန်းအမည်	pH	စဉ်	စခန်းအမည်	pH
၁	မန္တလေး (ချမ်းအေးသာစံ)	၆.၅	၁၃	ပြင်ဦးလွင်	၆.၉
၂	မန္တလေး (ချမ်းမြသာစည်)	၆.၉	၁၄	ကလေးဝ	၆.၆
၃	ခန္ဓီး	၆.၅	၁၅	မကွေး	၆.၉
၄	လားရှိုး	၆.၉	၁၆	အောင်လံ	၇.၁
၅	တောင်ကြီး	၇.၁	၁၇	လွိုင်ကော်	၆.၈
၆	မိုင်းဆတ်	၆.၈	၁၈	စစ်တွေ	၆.၈
၇	ကျိုင်းတုံ	၆.၅	၁၉	ပြည်	၇.၂
၈	စစ်ကိုင်း	၇.၂	၂၀	တောင်ငူ	၆.၈
၉	ဟုမ္မလင်း	၆.၇	၂၁	ပုသိမ်	၆.၈
၁၀	ညောင်ဦး	၆.၈	၂၂	မော်လမြိုင်	၆.၅
၁၁	မုံရွာ	၆.၆	၂၃	ဘားအံ	၆.၈
၁၂	ပျဉ်းမနား	၇.၀	၂၄	ထားဝယ်	၆.၅

၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm) နှင့် အောက်သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM 65) ဖြင့် မျက်နှာပြင်အိုဇုန်း (O_3)၊ PM_{10} နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဧပြီလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် အသင့်အတင့်အဆင့် ၂၄ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် ၆ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့် ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် ၆ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် ၁၉ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




ကျိုင်းတုံမြို့၏ PM_{10} ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI) များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း (O_3)ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း



ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ



ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI) များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

လေအရည်အသွေးအညွှန်းကိန်း (AQI)	လေအရည်အသွေးအဆင့်	အဓိပ္ပာယ်ဖွင့်ဆိုချက်
၀ - ၅၀	ကောင်း	လေထုအရည်အသွေးမှာကျန်းမာရေးအတွက် စိုးရိမ်ရန်မရှိသလောက်ဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။
၅၁ - ၁၀၀	အသင့်အတင့်	လေထုအရည်အသွေးမှာ လက်ခံနိုင်ရေးဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်စွယ် အသင့်အတင့်ရှိသည်။
၁၀၁ - ၁၅၀	ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ	လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်စွယ်မရှိပါ။
၁၅၁ - ၂၀၀	ကျန်းမာရေးထိခိုက်စေ	လူတိုင်းကျန်းမာရေး ထိခိုက်မှုဖြစ်ကြတော့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။
၂၀၁ - ၃၀၀	ကျန်းမာရေးကိုအလွန်ထိခိုက်စေ	ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။
၃၀၁ - ၅၀၀	အန္တရာယ်ရှိ	ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရေးမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ပြီးများသည်။

၂၀၂၆ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂၄ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုဒ်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

မန်စီးတီးအသင်းပိုင်ရှင် ရှိတ်ဆော်မန် ဗြိတိန်အစိုးရ၏ဒဏ်ခတ်ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်ခံရပါက အသင်းကိုပြန်လည်ရောင်းချဖွယ်ရှိ



မန်ချက်စတာ မေ ၁၂

မန်စီးတီးအသင်းပိုင်ရှင် ရှိတ်ဆော်မန်အနေဖြင့် ဗြိတိန်အစိုးရ၏ ဒဏ်ခတ်ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက အသင်းကိုပြန်လည်ရောင်းချဖွယ်ရှိကြောင်း သိရသည်။

ဆူဒန်ပဋိပက္ခနှင့်ပတ်သက်ပြီး လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ဖြစ်သည့် Fair Square အဖွဲ့အစည်းက ဆူဒန်ပဋိပက္ခတွင် မန်စီးတီးအသင်းပိုင်ရှင် ရှိတ်ဆော်မန်၏ ယူအေအီးအစိုးရအဖွဲ့အနေဖြင့် ပါဝင်ပတ်သက်နေသည်ဟုစွပ်စွဲပြီး ဗြိတိန်အစိုးရထံ ရှိတ်ဆော်မန်အား ဒဏ်ခတ်ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ပေးရန် တောင်းဆိုထားပြီး ဗြိတိန်အစိုးရကလည်း Fair Square အဖွဲ့၏တောင်းဆိုမှုကို စစ်ဆေးမှုများလုပ်ဆောင်နေပြီး ပါဝင်ပတ်သက်ကြောင်း စစ်ဆေးတွေ့ရှိမည်ဆိုပါက ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ရှိတ်ဆော်မန်သည် မန်စီးတီးအသင်းကို ၂၀၀၈ ခုနှစ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းကိုဝယ်ယူပြီးနောက်ပိုင်း စတာလင်ပေါင် သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံကာ ဥရောပတွင် ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အသင်းပိုင်ရှင် ရှိတ်ဆော်မန်လက်ထက်တွင် ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်လာပြီးနောက် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ပရီမီးယားလိဂ်ဖလားတစ်ကြိမ်၊ အင်္ဂလန်အေဖလားသုံးကြိမ်နှင့် ကာရာဘောင်းဖလားတစ်ကြိမ်ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပရီမီးယားလိဂ်ပြိုင်ပွဲ၌ ၂၀၂၂ ခုနှစ်ကလည်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ရုရှား-ယူကရိန်းအရေးတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ဗြိတိန်အစိုးရက ဒဏ်ခတ်ပိတ်ဆို့မှုလုပ်ဆောင်ခဲ့ရာ အေဘရာမိုဗစ်ချ်အနေဖြင့် တော့ဘိုလီထံ ပြန်လည်ရောင်းချခဲ့ရသည်။ ယခုအခါတွင်လည်း ရှိတ်ဆော်မန်အနေဖြင့် ဗြိတိန်အစိုးရ၏ ဒဏ်ခတ်ပိတ်ဆို့မှုခံရမည်ဆိုပါက အသင်းကို မဖြစ်မနေပြန်လည်ရောင်းချရမည်ဖြစ်ပြီး ရှိတ်ဆော်မန်က ယူအေအီးအစိုးရအဖွဲ့အနေဖြင့် ဆူဒန်ပဋိပက္ခတွင် ပါဝင်ပတ်သက်ခြင်းမရှိဟုငြင်းဆိုထားကြောင်း သိရသည်။

Ref;SPORTbible

နည်းပြ အန်ဆယ်လော့တီ၏ ဘရာဇီးအသင်းပဏာမ ကစားသမားစာရင်းတွင် နေမာပါဝင်

ရီယိုဒီဂျနေးရိုး မေ ၁၂

နည်းပြ အန်ဆယ်လော့တီ၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ကစားမည့် ဘရာဇီးအသင်း ပဏာမကစားသမားစာရင်းတွင် ဆန်းတို့စ်အသင်းတိုက်စစ်ကစားသမားနေမာပါဝင်လာကြောင်း သိရသည်။

နည်းပြ အန်ဆယ်လော့တီသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဘရာဇီးအသင်းကစားသမားစာရင်းကို ပဏာမကစားသမား ၅၅ ဦးအထိ ရွေးချယ်ထားပြီး ယခုရက်သတ္တပတ်အတွင်း အပြီးသတ်ကစားသမားများကို ရွေးချယ်မည်ဖြစ်သည်။

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းတွင် ကစားနေသည့်နေမာသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ဘရာဇီးအသင်းနှင့်အတူ နောက်ဆုံးအကြိမ်အဖြစ် ပါဝင်လိုနေသည့်အတွက် ဆန်းတို့စ်အသင်းတွင် ခြေစွမ်းပြနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နေမာ၏ ကြံ့ခိုင်မှုပိုင်းအားနည်းချက်များကြောင့် နည်းပြအန်ဆယ်လော့တီ၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်းကစားသမားစာရင်းတွင် ပါဝင်ခွင့်ရရှိမည်မဟုတ်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ နည်းပြအန်ဆယ်လော့တီ၏ ဘရာဇီးအသင်း၏ပဏာမကစားသမား ၅၅ ဦးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။ *Ref;Livescore.com*

ဥရောပထိပ်တန်းလိဂ်လေးခု၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့်ပထမဆုံးကစားသမားအဖြစ် ဂျာအိုကန်ဆယ်လို မှတ်တမ်းဝင်

ဘာစီလိုနာ မေ ၁၂

ဘာစီလိုနာအသင်း တောင်ပံကစားသမား ဂျာအိုကန်ဆယ်လိုသည် အသင်းနှင့်အတူ ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် လိဂ်လေးခု၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာကြောင်း သိရသည်။

ဂျာအိုကန်ဆယ်လိုသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက အင်တာမီလန်အသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အီတလီစီးရီးအေ ပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ဂျာအိုကန်ဆယ်လိုသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းမှ မန်စီးတီးအသင်းသို့ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတို့တွင် ပရီမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုလေးကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ဂျာအိုကန်ဆယ်လိုသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းထံ ရာသီဝက်အင်္ဂားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူစပိန်လာလီဂါပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အတွက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် လေးခု၌ ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref;TNT Football



ချယ်လ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြအလွန်ဆိုအား ခန့်အပ်ရန်ကြိုးပမ်းနေ

လန်ဒန် မေ ၁၂

ချယ်လ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြအလွန်ဆိုအား ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီတွင် အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်သည့် နည်းပြမာရက်ကာအား ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် စထရာဘော့အသင်းနည်းပြ ရိုစင်နီယာကို ခန့်အပ်ခဲ့သော်လည်း နည်းပြရိုစင်နီယာလက်အောက်တွင် ချယ်လ်ဆီးအသင်းအနေဖြင့် စံချိန်တင်ရလဒ်ဆိုးများ တွေ့ကြုံရပြီးနောက် ရာထူးမှထုတ်ပယ်ခဲ့ပြီး လက်ရှိတွင် ယာယီနည်းပြအဖြစ် အသင်းလက်ထောက်နည်းပြ မက်ဖာလန်းကို တာဝန်ပေးအပ်ထားပြီး ရာသီအကုန်တွင် အမြဲတမ်းနည်းပြတစ်ဦးခန့်အပ်မည်ဖြစ်သည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ရာ အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အသင်းမှ အဓိက ကစားသမားများနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ရာထူးမှ ထုတ်ပယ်ခဲ့သည့်အတွက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

နည်းပြအလွန်ဆိုကို ပြီးခဲ့သည့်ရက်ပိုင်းကလည်း ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေသည့် လီဗာပူးအသင်းက တရားဝင်ကမ်းလှမ်းမှုများလုပ်ဆောင်ထားပြီး ယခုအခါတွင်လည်း ချယ်လ်ဆီးအသင်းကပါ လီဗာပူးအသင်းနှင့်အပြိုင် အလွန်ဆိုကိုခန့်အပ်ရန် ကြိုးပမ်းနေသည့်အတွက် အလွန်ဆိုအနေဖြင့် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းမှ တစ်သင်းသင်းသို့ ပြောင်းရွှေ့ရန်နီးစပ်နေကြောင်း သိရသည်။

Ref;TNT Football

မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ရှာဖွေကယ်ဆယ်ရေးတပ်စုများ ဖွဲ့စည်းထားရှိ



မော်လမြိုင်ကျွန်း မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်မီတုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်စုများ၊ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် ဖွဲ့စည်းထားရှိကြောင်း သိရသည်။

အဆိုပါရှာဖွေကယ်ဆယ်ရေးတပ်စုကို မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၅ ဦးဖြင့် စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့် ရေဘေး၊ လေဘေး၊ မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

လင်းခန့်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ဝယ်ယူမည့် စက်ပစ္စည်း(၂)မျိုးအား တင်ဒါခေါ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
၁	Kinemetrics, Recorder(Data Logger)	2 Nos
၂	Data Center တွင်အသုံးပြုမည့် Power Module Battery	1 Set

၂။ တင်ဒါဝိတ်ရက်မှ (၂၆-၅-၂၀၂၆)ရက်(အင်္ဂါ)နေ့၊ ညနေ(၄:၀၀)နာရီဖြစ်ပြီး၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန
ရုံးအမှတ်(၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၃၂

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစိုးရအဖွဲ့ရုံး)ဂိတ်အမှတ်(၄)၊ အလုံလမ်းတွင် ဝဈ၃၀ အချိန်မှ ၁၆၃၀ အချိန်အတွင်း(ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။	တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်	- ၁၄-၅-၂၀၂၆ ရက်
၄။	တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်	- ၂၇-၅-၂၀၂၆ ရက်
၅။	တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နေ့ရက်	- ၂၉-၅-၂၀၂၆ ရက်(ရုံးချိန်အတွင်း) ရန်ကုန်တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
၆။	တင်ဒါဖွင့်မည့်ရက်/အချိန်	- ထပ်မံကြေညာပါမည်။
၇။	တင်ဒါဖွင့်မည့်နေရာ	- ရန်ကုန်တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ

၈။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁-၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

မေသကြိန်ဦး(ဘ)ဦးအောင်နိုင်ဝင်း ၁၂/ဒဂတ(နိုင်)၁၅၀၅၁၂ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၇

ပျောက်ဆုံးကြောင်း

မိုးမိုးသန်း(ဘ)ဦးညွှန့်မောင် ၁၂/ဥကတ(နိုင်)၀၀၆၈၃၃ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(A 454856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၇

ပျောက်ဆုံးကြောင်း

အင်ဒရူးလာလ်လီယံဌ(ဘ)ဦးခွန်လျန်ထန်း ၅/ကလထ(နိုင်)၁၁၇၂၆၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၇

ပျောက်ဆုံးကြောင်း

စောသန်းထွေဦး(ဘ)ဦးစောတင်ဦး ၃/ဘအန(နိုင်)၁၄၃၃၉၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MC 886782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၀၇၇

ပျောက်ဆုံးကြောင်း

နန်းနှင်းအေး(ဘ)ဦးမြို့ဝင်း ၈/ဆပဝ(နိုင်)၀၉၅၆၃၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၄၄၈၆၉

ပျောက်ဆုံးကြောင်း

ဇော်မင်းလတ်(ဘ)ဦးဝင်းမောင် ၁၀/လမန(နိုင်)၀၁၄၄၀၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၉၄၆၄၃၀

ပျောက်ဆုံးကြောင်း

ရွှောဘ(ဘ)ဦးမောင်နိုး ၇/ကဝန(နိုင်)၁၁၁၁၇၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၇၁၃၂၉၀

ပျောက်ဆုံးကြောင်း

ကျော်ကျော်နိုင်(ဘ)တန်ဆိုတ်(ခ)ကျော်မြင့် ၆/မအရ(နိုင်)၀၀၀၆၀၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(M 825792)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၄၅၇၇၃၆၃

ပျောက်ဆုံးကြောင်း

မျိုးဇော်(ဘ)ဦးကြယ်နီ ၈/ခမန(နိုင်)၁၃၀၉၅၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၉၃၇၀

ပျောက်ဆုံးကြောင်း

ခိုင်ခိုင်မြင့်(ဘ)ဦးပေါ်ဖေ ၈/ဂဂန(နိုင်)၁၂၂၀၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဇော်လင်းအောင်(ဘ)ဦးဝင်းကြိုင် ၁၂/ကတန(နိုင်)၀၈၄၆၆၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဝင်းကို(ဘ)ဦးဝင်းအောင် ၈/အလန(နိုင်)၀၇၂၂၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ချောစု(ဘ)ဦးကျော်အောင် ၁၂/တကန(နိုင်)၁၈၉၃၃၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ နယ်မြေ(၁၆)နေ့ မောင်လင်းမောင်မောင်(ဘ)ဦးဇော်မြင့် ၉/ပမန(နိုင်)၃၁၁၆၆၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၈၅၅၁၁၆

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပြည်ဝင်ကျေးရွာအုပ်စု၊ ပြည်ဝင်ကျေးရွာနေ မမေယမုံလွင်(ဘ)ဦးဇော်မင်းလွင် ၉/လဝန(နိုင်)၂၈၇၈၉၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၈၅၅၁၁၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်အတွင်းရှိ မယ်ဇီကုန်းလမ်း၊ တိုက်အမှတ်(၁၀၃)၊ ပလွာ၊ အကျယ်အဝန်း ၁၃ ပေ x ၃၂ ပေရှိသော တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးမြင့်ဝင်း ၁၄/ဘကလ(နိုင်)၁၄၄၀၆၀ ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မဒေါ်မေသက်လွင် ၉/မခန(နိုင်)၂၃၁၂၃ က စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်မေသက်လွင် ၉/မခန(နိုင်)၂၃၁၂၃
၀၉-၄၀၁၅၆၃၃၅

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၅၉)နေ့ ကျွန်မ ခေါ်မို့မို့အောင်(၁၂/အလန(နိုင်)၀၁၃၆၅၃)၏သားဖြစ်သူ မောင်မိုးဆက်မြင့်(၁၂/အလန(နိုင်)၀၄၁၆၀၁၁)သည် မိခင်ဖြစ်သူ၏ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ်မိတ်ဆင်းရဲအောင်ပြုလုပ်လျက်ရှိသည့်အတွက် သွာနုတ္တသားအဖြစ်သတ်မှတ်၍ မောင်မိုးဆက်မြင့်အား အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်မှန်သမျှသည် မိခင်ဖြစ်သူ ကျွန်မ ခေါ်မို့မို့အောင်နှင့် သက်ဆိုင်ခြင်းအလျဉ်းမရှိသည့်အပြင် ၎င်း၏မည်သို့သောကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ခေါ်မို့မို့အောင်(၁၂/အလန(နိုင်)၀၁၃၆၅၃)
အမှတ်(၅၉)၊ မြိုင်ဟေဝန်အိမ်ရာ၊
(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံးကြောင်း

ဝင်းပမိုင်(ဘ)ဦးမြင့်ဌေး ၁၄/ကပန(နိုင်)၁၄၃၁၂၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဖြူကြီး(ဘ)ဦးရှမ်း ၈/နမန(နိုင်)၁၄၈၃၃၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ကြည်ကြည်သိန်း(ဘ)ဦးစံသိန်း ၁၂/ဒဂရ(နိုင်)၀၂၄၂၂၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ရဲမင်းနိုင်(ဘ)ဦးအောင်သန်း ၉/တကန(နိုင်)၁၃၃၃၁၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်၊ သုခကာရီလမ်းနေ ရဲသူဟိန်း(ဘ)ဦးတင်အေး ၈/တတက(နိုင်)၂၁၃၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၆၃၁၃၉၅

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ မဲပလွဲကျေးရွာအုပ်စု၊ ထီးခြားရာကျေးရွာနေ မောင်မောင်လွင်(ဘ)ဦးအုန်းလွင် ၁၃/နမတ(နိုင်)၀၀၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၂၅၅၉၀

ပျောက်ဆုံးကြောင်း

ကဝမြို့နေ ထွန်းထွန်းတင်(ဘ)ဦးသောင်းတင် ၇/ကဝန(နိုင်)၁၂၈၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

သိမ်ဇရပ်မြို့၊ သိမ်ဇရပ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၁၈၃)နေ ခိုင်မာထွေး(ဘ)ဦးဆန်းဦး ၁၀/ကထန(နိုင်)၂၀၃၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၄၄၇၅၆

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၁၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)



Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အိုင်မ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ချည်ခွန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ISO 9001:2008 Cert. No.683099

COPPER 99.99%

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA CABLE & WIRE

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၁၀၀၁၈၉၆၂

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် မြည်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းတော်ရှ)



အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com



မြန်မာလင်း(နှ)အင်(နှ)ဒဗလော့(ပ)မင့်(တ်)လီမိတက်

Myanmar Land and Development Limited

အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ

ဆက်သွယ်ရန်

Myanmar Land and Development Limited အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိပန်းအိုင်းအနီး၊ ဇလုသီဒီရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း - ၀၆၇ ၃၄၃၁၁၈၈၊ ၀၆၇ ၃၄၃၁၁၈၈၂၊ ၀၆၇ ၃၄၃၁၁၈၉၊ ၀၆၇ ၃၄၃၁၁၈၉၃၊ Fax - ၀၆၇ ၃၄၃၁၁၈၈၊ Email; myanmarland2005@gmail.com

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။


❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၁၂

ယနေ့ည‌နေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/၈၎)



ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၃)အဆန်/အမှတ်(၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားနှင့် သာစည်-နေပြည်တော်-သာစည်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်နှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် RBE ခရီးတိုရထားများစတင်ပြေးဆွဲမည်

နေပြည်တော် မေ ၁၂

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၃)အဆန်/အမှတ်(၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ်၊

စာမျက်နှာ ၂၆ ကော်လံ ၁ ●

ဆောင်းပါး


ဆီဗူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ် စိုက်ကြစို့

စာ - ၁၂ သို့

ဘက်စုံအသုံးဝင်ဝါးပင်နှင့် မြန်မာ့စီးပွားရေးဝါးထုတ်ကုန်

စာ - ၂၂ သို့

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ခရီးသွားရာသီ၌ ဥရောပနိုင်ငံများမှ ခရီးသွားများ အများဆုံးဝင်ရောက်လည်ပတ်ခဲ့



ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံတွင် သဘာဝဂေဟစနစ်ကို အပြည့်အဝထိန်းသိမ်းထားမှုကြောင့် နိုင်ငံခြားသားခရီးသွားများ အများဆုံးဝင်ရောက်အပန်းဖြေလေ့ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ခရီးသွားရာသီကာလ၌ ဥရောပနိုင်ငံများမှခရီးသွားများ အများဆုံးအပန်းဖြေလည်ပတ်ခဲ့ကြောင်း ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှသိရသည်။

ခရီးသွားရာသီကာလတွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဂျာမနီ၊ ရုရှား၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ချက်ပြည်သူ့သမ္မတနိုင်ငံနှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၅-၂၀၂၆

ရွာငံ	၂	ဒသမ	၈၀	လက်မ	ရမည်းသင်း	၂	ဒသမ	၂၁	လက်မ
ဘိုကလေး	၂	ဒသမ	၅၀	လက်မ	ညောင်ရွေ	၂	ဒသမ	၂၁	လက်မ
ငါးသိုင်းချောင်း	၂	ဒသမ	၄၀	လက်မ	ရန်ကုန် (ကျောက်တန်း)	၂	ဒသမ	၀၅	လက်မ
တောင်ကြီး	၂	ဒသမ	၄၀	လက်မ					
လပွတ္တာ	၂	ဒသမ	၂၅	လက်မ	ကလော	၁	ဒသမ	၉၃	လက်မ

ကမ္ဘောဒီးယားတွင် ပြည်သူ့စစ်မှုထမ်းကာလ တိုးမြှင့်သည့်ဥပဒေကို လွှတ်တော်အတည်ပြု

စာ - ၂၅ သို့

